ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**လူအပေါင်းချစ်မြတ်နိုး**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၊ တရား၌တည်၍ အမှန်ကိုလည်း ပြောဆိုတတ်၊ မိမိပြုအပ်သည့် ကျင့်ဝတ်နှင့်လည်း ပြည့်စုံသောသူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ -၂၁၇)

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၇ ရက်၊ တနင်္လာနေ့။ Monday, 2 June 2025 ၁၁၈၃၆

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာ့ရိုးရာသနပ်ခါးမလေ့ ရေရှည်တည်တံ့စေရေး MSME လုပ်ငန်းအဖြစ် လက်လီလက်ကားစနစ်ဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိသည့် ပခုက္ကူမြို့မှ ရှင်မတောင်သနပ်ခါးပွဲရုံလုပ်ငန်း



ပခုက္ကူမြို့ရှိ ရွှေရည်ဝင်းရှင်မတောင်သနပ်ခါးပင်ရင်းပွဲရုံလုပ်ငန်း၌ သနပ်ခါးများ ခင်းကျင်းပြသရောင်းချနေမှုကို တွေ့ရစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံ့စီးပွားတိုးတက်လာစေရေးအတွက် စိုက်ပျိုးရေးကို အခြေခံသည့် ကုန်ထုတ်စွမ်းအားများ မြင့်မားတိုးတက်လာရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အတူ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ပြည်တွင်းထုတ်လုပ်မှု မြင့်မားရေးအတွက် ဒေသအလိုက် ထွက်ရှိသည့် ကုန်ကြမ်းများကိုအခြေခံ၍ အရည်အသွေးကောင်းမွန်သည့် ကုန်ချောပစ္စည်းများ ထုတ်လုပ်ကာ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်လုပ်ကိုင်ဆောင်ရွက်နိုင်ရေး အားပေးကူညီလျက်ရှိသည်။

ထို့ပြင် မြန်မာ့သနပ်ခါးကို လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် မှတ်တမ်းဝင်နိုင်ရေး နိုင်ငံတော်အဆင့် တာဝန်ရှိသူများ၊ သနပ်ခါးလုပ်ငန်းရှင်များ၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေး NGO အဖွဲ့အစည်းများ၊ သနပ်ခါးချစ်မြတ်နိုးသည့် ပြည်သူများအားလုံး ဝိုင်းဝန်းကြိုးပမ်း လှုပ်ရှားဆောင်ရွက်နေမှုကို အထောက်အကူဖြစ်စေရေးနှင့် တန်ဖိုးထားမြတ်နိုးတတ်စေရန်ရည်ရွယ်၍ မြန်မာ့ရိုးရာ

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✪

## ယနေ့ ဖတ်စရာ

**အနာဂတ်ဆီသို့ အတူလက်တွဲလျှောက်လှမ်းမည် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး ထူထောင်ခြင်း (၇၅)နှစ်ပြည့် အထိမ်းအမှတ် နှစ်နိုင်ငံမီဒီယာ ဆွေးနွေးပွဲအခမ်းအနားကျင်းပ**
စာမျက်နှာ » ၅



**ရော်ဘာအခြေခံ MSME ထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေး**
ဆောင်းပါး စာမျက်နှာ » ၆

**မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြစ်ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့သည့် မြစ်ကြီးနားမြို့ရှိ ရပ်ကွက်များ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်**
စာမျက်နှာ » ၉



**ဗီယက်နမ်နိုင်ငံ၏ လျှပ်စစ်ကား ထုတ်လုပ်ရေးလုပ်ငန်း**
စာမျက်နှာ » ၁၉

## ကြေးမုံ

# ယာယီပစ်ခတ်တိုက်ခိုက်မှုတိုးမြှင့်ရပ်စဲ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးပါဝင်

အင်အားပြင်းမန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သဖြင့် ငလျင်ဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်စေရန်ရည်ရွယ်ပြီး တပ်မတော်အနေဖြင့် ၂၀၂၅ ခုနှစ် မေလ ၆ ရက်နေ့မှ ၃၁ ရက်နေ့အထိကာလကို ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလအဖြစ် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ ဆက်လက်၍ လုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလကို ဇွန်လ ၁ ရက်နေ့မှ ၃၀ ရက်နေ့အထိ ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ကြောင်းသိရသည်။

နိုင်ငံတော်အစိုးရသည် ငလျင်ဒဏ်သင့်ဒေသများ၌ ထိခိုက်ပျက်စီးခဲ့ရသည့် အစိုးရရုံးဌာနများ၊ ပြည်သူများ၏အိုးအိမ်နှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာကလည်း အကူအညီများ ဆက်လက်ပေးပို့လျက်ရှိသည်။ အလားတူ နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွှတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ယခုနှစ်အတွင်း မဖြစ်မနေကျင်းပပေးနိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ရွေးကောက်ပွဲကျင်းပချိန်၌ တစ်နိုင်ငံလုံးရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ပြည်သူအားလုံး မဲပေးနိုင်ရေး ဒေသအလိုက်တည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်သည်။

ထို့ကြောင့် နိုင်ငံတော်ရှိ ငလျင်ဒဏ်သင့်ဒေသများ၌ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်နိုင်စေရေး၊ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများအားလုံး၏ အကျိုးစီးပွားကို ပိုမိုလျင်မြန်စွာဖော်ဆောင်နိုင်စေရေး၊ ရေရှည်တည်တံ့ပြီး စစ်မှန်သည့်ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်စေရေးတို့အတွက် တည်ငြိမ်အေးချမ်းမှုကို ရှေးရှုပြီး တပ်မတော်အနေဖြင့် ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလကို ထပ်မံတိုးမြှင့်ထုတ်ပြန်လိုက်ခြင်းသည် နိုင်ငံတော်နှင့်ပြည်သူများ၏ အကျိုးစီးပွားကို ရည်ရွယ်ခြင်းဖြစ်၍ လျော်ကန်သင့်မြတ်ကောင်းမွန်သော ဆောင်ရွက်ချက်ဖြစ်သည်။

ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ထုတ်ပြန်ကြေညာထားသည့်ကာလတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အခြားလက်နက်ကိုင်အဖွဲ့များအနေဖြင့် အဆိုပါအချက်များကို အလေးထားဆောင်ရွက်ရန်လိုအပ်သည်။ အဆိုပါလက်နက်ကိုင်အဖွဲ့များအနေဖြင့် အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် ဆက်သွယ်ရေးလမ်းကြောင်းများအား နှောင့်ယှက်တိုက်ခိုက်ခြင်းနှင့် ထိခိုက်ပျက်စီးစေခြင်း၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ထိခိုက်ပျက်စီးစေခြင်း၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များ ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တပ်စခန်းများကိုတိုက်ခိုက်ခြင်း၊ တပ်ဌာနချုပ်များကို နှောင့်ယှက်တိုက်ခိုက်ခြင်း၊ ငြိမ်းချမ်းရေးကို ထိခိုက်ပျက်စီးစေမည့် အင်အားစုဆောင်းခြင်းများ၊ ပြင်ဆင်စုဖွဲ့ခြင်းနှင့် နယ်မြေချဲ့ထွင်ခြင်းများကိုမပြုလုပ်ရန် လိုအပ်မည်ဖြစ်သည်။

လက်နက်ကိုင်ပဋိပက္ခများ တစ်ဖက်နှင့်တစ်ဖက်ဖြစ်ပွားသည့်အခါတွင် တစ်ဖက်ဖက်က ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ထုတ်ပြန်အသိပေးကြေညာသည့်အခါတွင် နှစ်ဖက်စလုံးက အလေးထားလိုက်နာဆောင်ရွက်ကြလေ့ရှိသည်။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲခြင်းသည် စစ်ပွဲများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ဥပဒေဓလေ့ထုံးတမ်းစဉ်လာဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေသလည်းဖြစ်သည်။ အရပ်သားများကို အကာအကွယ်ပေးရန်အတွက် ကျင့်ထုံးနှင့် တာဝန်ဟုလည်းဆိုနိုင်သည်။ တပ်မတော်က ယခုကဲ့သို့ ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲလိုက်ခြင်းသည် လက်ရှိကာလ၌ အများပြည်သူအကျိုးကို ထိရောက်စွာဆောင်ရွက်နိုင်ရန် နိုင်ငံတော်နှင့် ပြည်သူကို အကာအကွယ်ပေးနိုင်ရေး ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ထိုကဲ့သို့ အသိပေးထုတ်ပြန်ထားသည့်အချိန်တွင် လက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ထုတ်ပြန်ထားသည့်အချက်ကို မျက်ကွယ်ပြုပြီး စစ်ရေးဆိုင်ရာမည်သည့်လှုပ်ရှားဆောင်ရွက်မှုကိုမျှ မပြုလုပ်ရန်လိုသည်။ အကယ်၍ စစ်ရေးဆိုင်ရာလှုပ်ရှားဆောင်ရွက်မှုများ ပြုလုပ်လာပါက တပ်မတော်အနေဖြင့် ပြည်သူလူထုကို ကာကွယ်သောအားဖြင့် လိုအပ်သည့်အရေးယူတုံ့ပြန်မှုများ ဆောင်ရွက်သွားမည်သာဖြစ်သည်။ လက်ရှိကာလ၌ တပ်မတော်အနေဖြင့် ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို အသိပေးထုတ်ပြန်ထားချိန်တွင် အချို့လက်နက်ကိုင်အဖွဲ့များအနေဖြင့် ချိုးဖောက်ကျူးလွန်မှုများ ပြုလုပ်ကြသည်ကိုတွေ့ရသည်။ ထိုသို့ပြုလုပ်မှုများကိုသာ တပ်မတော်က အရေးယူတုံ့ပြန်ဆောင်ရွက်ခဲ့သည်။

သို့ဖြစ်ရာ လက်ရှိကာလ မြန်မာနိုင်ငံ၌ လက်နက်ကိုင်ပဋိပက္ခများဖြစ်ပေါ်လျက်ရှိရာ တပ်မတော်အနေဖြင့် နိုင်ငံတော်နှင့်နိုင်ငံသားများအားလုံး၏ အကျိုးစီးပွားများကို ပိုမိုလျင်မြန်စွာဖော်ဆောင်နိုင်စေရေး၊ ရေရှည်တည်တံ့ပြီး စစ်မှန်သည့်ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်စေရေးတို့အတွက် တည်ငြိမ်အေးချမ်းမှုကိုရှေးရှုပြီး ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလ ထပ်မံတိုးမြှင့်သတ်မှတ်လိုက်သည်ကို လက်နက်ကိုင်အဖွဲ့များအားလုံးအနေဖြင့် အလေးထားပါဝင်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။ ။

---

## ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဇွန်လ(၅)ရက်

MONREC WORLD ENVIRONMENT DAY UN environment programme



" ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေး၊ စုပေါင်းအားဖြင့် ဆောင်ရွက်ပေး"

"Ending Plastic Pollution Globally"

---

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၁

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ် ခြောက်ခုတို့တွင် ဇွန် ၁ ရက်အထိ သေဆုံးသူ ၃၇၄၀၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၆၇ ဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦး ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၁၇ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင် အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ မေ ၃၁ ရက် ညနေ ၅ နာရီမှ ဇွန် ၁ ရက် ညနေ ၅ နာရီအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ တရုတ်နိုင်ငံ Shanghai United Cell Biotechnology Co.,Ltd. က လှူဒါန်းသည့် ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေး (အလေးချိန် ၂ ဒသမ ၅ တန်) ရောက်ရှိခဲ့ပြီး အဆိုပါထောက်ပံ့သည့် ကာကွယ်ဆေးများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ၌ အသုံးပြုနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

# ရေဝတီတိုင်းဒေသကြီးအတွင်း၌ သမဝါယမအသင်းများက စိုက်ပျိုးသည့် နှမ်းစပါးများထွက်ရှိ

ရေဝတီ ဇွန် ၁

ရေဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များမှ သမဝါယမအသင်းသားတောင်သူများ စိုက်ပျိုးထားသည့် နွေစပါးများအား ရိတ်သိမ်းလျက်ရှိရာ ဇလွန်မြို့နယ်တွင် စိုက်ပျိုးထားသည့် ဆင်းသုခစပါး စိုက်ဧက ၁၀၀၊ အိမ်မဲမြို့နယ်တွင် စိုက်ပျိုးထားသည့် သီးထပ်ရင် စပါးစိုက်ဧက ၂၀၀၊ ဝါးခယ်မမြို့နယ်တွင် စိုက်ပျိုးထားသည့် နယူးရော၊ ရက် ၉၀ စပါး စိုက်ဧက ၇၂၅ ဧက၊ ညောင်တုန်းမြို့နယ်တွင် စိုက်ပျိုးထားသည့် GW-11 စပါး စိုက်ဧက ၇၀၀၊ ဒေးဒရဲမြို့နယ်တွင် စိုက်ပျိုးထားသည့် ရက် ၉၀ စပါး စိုက်ဧက ၅၀၀ နှင့် လပွတ္တာမြို့နယ်တွင် စိုက်ပျိုးထားသည့် ရက် ၉၀ စပါးစိုက်ဧက ၂၁၀ တို့ကို ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် အထွက်နှုန်း ပျမ်းမျှ တင်း ၁၀၀ ကျော်ခန့် ထွက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

---

# ရေဝတီမြစ်ရေ မြစ်ကြီးနားမြို့တွင် စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် ဇွန် ၁

ယနေ့နံနက် ၇ နာရီခွဲအချိန် တိုင်းထွာချက်အရ ရေဝတီမြစ်ရေသည် မြစ်ကြီးနားမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မြစ်ကြီးနားမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

---

## ၁ - ၆ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၇၇၀၀၀၀** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

---


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | - ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နေပြည်တော်စည်ပင်သာယာရေးကော်မတီ (၁၉)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အလှူငွေပေးအပ်ပွဲ အခမ်းအနားတက်ရောက်

**နေပြည်တော် ဇွန် ၁**

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ (၁၉)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အလှူငွေပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀)နှင့် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)တို့၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။




အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦးက အလှူငွေများ လှူဒါန်းရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး ဆေးရုံများအတွက် အလှူငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ရာ ဆေးရုံအုပ်ကြီးများက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ပြည်သူ့ဆေးရုံကြီး ခုတင်(၁၀၀၀)နှင့် အမှတ်(၂) တပ်မတော်ဆေးရုံကြီးခုတင်(၁၀၀၀)တို့၌ ဆေးကုသမှုခံယူနေသည့် လူနာများအား လှည့်လည်ကြည့်ရှု၍ အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် ဇေယျာသီရိမြို့နယ် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး ပင်လောင်းလမ်းဆုံနှင့် ကျောက်ချက်ကျေးရွာကြား လမ်းဘေးရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေး လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးပြီး လမ်းမကြီးဘေး ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရန် စနစ်တကျရှင်းလင်းဆောင်ရွက်ရေး၊ Box Culvert များတွင် အမှိုက်များ ပိတ်ဆို့မှုမရှိစေရေး၊ လမ်းဇရိယာအတွင်း ကျူးကျော်အဆောက်အအုံများ မရှိစေရေးတို့ကို မှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပင်လောင်းလမ်းဘေးရှိ စိုက်ကွင်းများနှင့် ရာဇဌာနီလမ်းမကြီး ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လမ်းပိုင်းများ ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

**အောင်ကို(ပုဗ္ဗသီရိ)**



## ဓနုဖြူမြို့နယ်၌ ကျောင်းအပ်နှံရန် ကျန်ရှိမှုမရှိစေရေး တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်

**ဓနုဖြူ ဇွန် ၁**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရန် ကျန်ရှိမှုမရှိစေရေးအတွက် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် မြို့နယ်အတွင်း ကွင်းဆင်းစည်းရုံးဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုးလွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဆရာ ဆရာမများပါဝင်သော ပူးပေါင်းအဖွဲ့များသည် ဓနုဖြူမြို့နယ်အတွင်းရှိ ကျောင်းအပ်ရန်ကျန်ရှိနေသော ကလေးများနှင့် ကျောင်းနေအရွယ်ရောက်ပြီး ကျောင်းမတက်ရောက်သော ကလေးများအား အိမ်တိုင်ရာရောက်မိဘများနှင့် သွားရောက်တွေ့ဆုံ၍ ကျောင်းတက်ရောက်ပညာသင်ကြားရန် စည်းရုံးဆွေးနွေးပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

## မိုးကောင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မိုးကောင်း ဇွန် ၁**

ကချင်ပြည်နယ် မိုးကောင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေးကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်သည်။

စာသင်ကျောင်းသန့်ရှင်းသာယာလှပစေရေးနှင့် ကျောင်းဥပစာရိပ် ကောင်းမွန်စေရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ကြီးကြပ်မှုဖြင့် မြို့နယ်အဆင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများ၊ ဆရာ ဆရာမများ စုစုပေါင်း ၄၀၀ ခန့်ဖြင့် ချုံနွယ်မြက်ခင်း ရှင်းလင်းခြင်း၊ သစ်ကိုင်းခုတ်ထွင်ခြင်း၊



ရှင်းလင်းထားသည့် အမှိုက်သိမ်းယာဉ်သို့ ပို့ဆောင်ခြင်းများကို များ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြို့သစ်မြို့နယ်၌ ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

**မြို့သစ် ဇွန် ၁**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (ရတနာခန်းမ)၌ ကျင်းပသည်။




**အမှာစကားပြောကြား**

ဦးစွာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက မြန်မာ့ကျောင်းသီချင်း သီဆိုကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းထက်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဦးဝင်းအောင်က ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက ပညာရေးဌာနမှ အခမဲ့ပေးအပ်သော ကျောင်းသုံးပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံတို့ကို ကျောင်းသား ကျောင်းသူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

✪ ရွှေ့ဖုံးမှ

သနပ်ခါးကို လက်လီလက်ကားဖြန့်ဖြူးရောင်းချလျက်ရှိသည့် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့က ရွှေရည်ဝင်းရှင်မတောင်သနပ်ခါး ပင်ရင်းပွဲရုံလုပ်ငန်းရှင် ဦးကျော်အောင်နှင့် တွေ့ဆုံမေးမြန်းထားမှုကို ဖော်ပြလိုက်ပါသည်

မေး ။ ။ မြန်မာနိုင်ငံသနပ်ခါးအသင်းမှာ ဆရာပါဝင်ဆောင်ရွက်နေတယ်လို့သိရပါတယ်၊ အဲဒီအကြောင်းနဲ့ပတ်သက်လို့လည်း ရှင်းပြပေးပါဦး။

ဖြေ ။ ။ ကျွန်တော်က ၂၀၁၇ ခုနှစ်မှစတင်ပြီး မြန်မာနိုင်ငံသနပ်ခါးအသင်းမှာ ဘဏ္ဍာရေးမှူးအဖြစ် ပါဝင်ဆောင်ရွက်ပါတယ်။ ပခုက္ကူမြို့နယ်မှာတော့ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပါတယ်။ ရေစကြိုမြိုင်နှင့် ပေါက်မြို့နယ်တွေမှာလည်း သနပ်ခါးအသင်းဖွဲ့စည်းထားတာရှိပါတယ်။

မေး ။ ။ ဆရာတို့သနပ်ခါးပွဲရုံလုပ်ငန်း စတင်တည်ထောင်ဖြစ်ခဲ့ပုံလေးကို ပြောပြပေးပါဦးရှင်။

ဖြေ ။ ။ ပွဲရုံကိုတော့ ၁၉၇၅ ခုနှစ်က စတင်တည်ထောင်တာဆိုတော့ အခုဆိုရင် အနှစ် ၅၀ ခန့်ရှိပါပြီ၊ သနပ်ခါးလုပ်ငန်းကို မျိုးရိုးစဉ်ဆက် အဖေ၊ အမေတို့လက်ထက်ကတည်းက လုပ်လာခဲ့တာပါ၊ အဲဒီတုန်းကတော့ ပွဲရုံမထောင်ဖြစ်ဘူး၊ ရွာကနေပဲ အောက်မြန်မာပြည် ဖျာပုံ၊ ဒေးဒရဲမြို့တွေနဲ့ ပင်လယ်ကမ်းစပ်ဒေသတွေဆီကို ဖြန့်ဖြူးရောင်းချလုပ်ကိုင်ဖြစ်ခဲ့ကြတာပါ။

မေး ။ ။ သနပ်ခါးပွဲရုံတည်ထောင်လုပ်ကိုင်တာဆိုတော့ ကိုယ်ပိုင်ခြံနဲ့ စိုက်ပျိုးထုတ်လုပ်တာလား၊ ဒါမှမဟုတ် သနပ်ခါးလုပ်ငန်းရှင်တွေဆီက တစ်ဆင့်ဝယ်ယူပြီး ပြန်လည်ဖြန့်ဖြူးရောင်းချတာလား။

ဖြေ ။ ။ ကျွန်တော်တို့က မြိုင်မြို့နယ် မြောင်းဆည်ကျေးရွာမှာ ကိုယ်ပိုင်ခြံနဲ့ ရှစ်ဧကလောက်စိုက်ပျိုးထားပါတယ်၊ သနပ်ခါးစိုက်တောင်သူတွေနဲ့ သနပ်ခါးကုန်သည်တွေ လာပို့တာတွေလည်း ဝယ်ယူပါတယ်။ ပွဲရုံကို အရာတော်၊ မြိုင်မြို့နယ်၊ ရေစကြိုမြို့နယ်၊ ပေါက်မြို့နယ်နှင့်ရွှေဘိုမြို့နယ်တွေက ဝင်ပါတယ်။

မေး ။ ။ ဆရာတို့ သနပ်ခါးပွဲရုံမှာ လက်ရှိလက်လီ၊ လက်ကားအရောင်းအဝယ်ဖြစ်နေတဲ့ အခြေအနေလေးတွေလည်း ထပ်မံရှင်းပြပေးပါဦး။


ပခုက္ကူမြို့ ရွှေရည်ဝင်းရှင်မတောင်သနပ်ခါး ပင်ရင်းပွဲရုံလုပ်ငန်းရှင် ဦးကျော်အောင်နှင့် တွေ့ဆုံမေးမြန်းစဉ်။

ဖြေ ။ ။ လက်ရှိ ကျွန်တော်တို့ပွဲရုံမှာ လက်လီရော၊ လက်ကားရော အရောင်းအဝယ်ဖြစ်ပါတယ်၊ ကျွန်တော်တို့ဆီကနေ မြန်မာပြည်အနှံ့ ပြန်လည်ဖြန့်ဖြူးရောင်းချပါတယ်၊ အဓိကတော့ ရန်ကုန်၊ ပဲခူး၊ ပြည်၊ မကွေး၊ ပုဂံ-ညောင်ဦးမြို့တွေပေါ့၊ နေ့စဉ် ရောင်းချရမှုအခြေအနေကတော့ ပုံမှန်မရှိပါဘူး။

မေး ။ ။ မြန်မာနိုင်ငံမှာ စိုက်ပျိုးထွက်ရှိတဲ့ဒေသတွေအကြောင်းကိုလည်း ပြောပြပေးပါဦး။

ဖြေ ။ ။ မြန်မာနိုင်ငံမှာ သနပ်ခါးထွက်ရှိတာကတော့ ရှင်မတောင်၊ အရာတော်၊ ရွှေဘို၊ ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ဘုတလင်၊


ပခုက္ကူမြို့ရှိ ရွှေရည်ဝင်းရှင်မတောင်သနပ်ခါး ပင်ရင်းပွဲရုံလုပ်ငန်း၌ သနပ်ခါးများ ခင်းကျင်းပြသရောင်းချနေမှုကို တွေ့ရစဉ်။

ယင်းမာပင်၊ မုံရွာ၊ မြင်းမူ၊ ပေါက်ဒေသတွေမှာ ထွက်ပါတယ်။

မေး ။ ။ မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့အဖြစ် သနပ်ခါးကို ခေတ်အဆက်ဆက် လိမ်းခြယ်အသုံးပြုလာခဲ့ကြတာဆိုတော့ ဝယ်ယူလိမ်းခြယ်အသုံးပြုတဲ့ ပြည်သူတွေအတွက် ဘယ်လိုအကျိုးကျေးဇူးတွေ ခံစားရရှိစေနိုင်ပါသလဲ။

ဖြေ ။ ။ သနပ်ခါးကတော့ ဆောင်းရာသီဆိုရင် နွေးတယ်၊ နွေရာသီဆို အေးပါတယ်၊ ကျန်းမာရေးနဲ့လည်း ညီညွတ်ပါတယ်၊ ဆေးဖက်လည်းဝင်ပါတယ်၊ ခန္ဓာကိုယ်အရေပြားပေါ်မှာယားယံခြင်း၊ အဖုအပိမ့်ထွက်ခြင်းတွေကိုလည်း ပျောက်ကင်းစေပါတယ်၊ သနပ်ခါးအသီးကို ဝါးစားမယ်ဆိုရင် ခေါင်းမူး၊ ခေါင်းကိုက်ခြင်းတွေ သက်သာစေတယ်၊ သနပ်ခါးအရွက်ကိုပြုတ်ပြီး သောက်မယ်ဆိုရင်လည်း သွေးပေါင်ကျတယ်၊ ဆီးချိုရောဂါကိုလည်း ကာကွယ်စေပါတယ်၊ သနပ်ခါးနှင့်ပတ်သက်ပြီး ဘိုးဘွားတွေဆီက ကြားသိခဲ့တာတစ်ခုရှိတယ်။

မေး ။ ။ သနပ်ခါးစိုက်ပျိုးချင်တဲ့သူရော၊ လုပ်ငန်းထူထောင်လုပ်ကိုင်ချင်တဲ့သူတွေအတွက်ရော ဘယ်လိုအကြံဉာဏ်များ ပေးချင်ပါသလဲ။

ဖြေ ။ ။ ကျွန်တော်ကိုယ်တိုင်လည်း သနပ်ခါးစိုက်ပျိုးလုပ်ကိုင်သူဆိုတော့ စိုက်ပျိုးလုပ်ကိုင်ချင်တဲ့ ပြည်သူတွေအတွက် အားပေးတိုက်တွန်းချင်ပါတယ်၊ မြန်မာမိန်းကလေးတော်တော်များများက မြတ်နိုးခုံမင်စွာအသုံးပြုကြတာဆိုတော့လေ၊ အခုက နိုင်ငံတကာကပါ စိတ်ဝင်စားလာပြီဆိုတော့ စိုက်ပျိုးရင် ရေရှည်အကျိုးဖြစ်ထွန်းဖို့ပဲရှိပါတယ်၊ သနပ်ခါးကတော့ ဥယျာဉ်ခြံနဲ့လည်း စိုက်လို့ရတယ်၊ မြေလွတ်မှာလည်း စိုက်လို့ရတယ်၊ သနပ်ခါးပင်က မြေမာကိုတော့ သိပ်မကြိုက်ဘူး၊ သဲနည်းနည်းပိုဆန်တဲ့ မြေမှာလည်း စိုက်ပျိုးဖြစ်ထွန်းပါတယ်၊ မြေနီကျောက်စရစ်လိုမျိုးကိုတော့ ပိုပြီးသဘောကျတယ်၊ စိုက်ပျိုးရင် ခြောက်တောင်၊ ခုနစ်တောင်အကွာ စိုက်ပျိုးရတယ်၊ အပင်တွေကြားထဲမှာ ဆီထွက်သီးနှံတွေဖြစ်တဲ့ မြေပဲ၊ နှမ်းတို့အပြင် အခြားသီးထပ်သီးညှပ်တွေလည်းစိုက်ပျိုးလို့ရပါတယ်၊ အပင်တွေကြီးလာပြီဆိုရင် တစ်နှစ်ကို ပေါင်းမြက်ရှင်းခြင်း၊ မြေဆွပေးခြင်းလုပ်ငန်း နှစ်ခေါက်လောက်လုပ်ပေးရတယ်၊ ဆိတ်ချေး၊ နွားချေးတို့လည်း ထိုက်သင့်သလောက်ထည့်ပေးရတယ်၊ စိုက်ပျိုးပြီး ငါးနှစ်သက်တမ်းရှိရင် တစ်ပင်ကို ငွေကျပ် ၁၀၀၀၀ ခန့်ရောင်းရပါတယ်၊ တစ်ပင်ခုတ်ရင် နှစ်ပင်၊ သုံးပင်ပြန်ပေါက်တယ်၊ ပထမပဲ စိုက်ရတာ၊ နောက်ကျရင်စိုက်စရာမလိုတော့ဘူး၊ သူ့ဟာနဲ့သူ ပြုစုပေးရုံပဲ၊ နောက်ပင်အသစ်ပေါက်တာကလည်း ငါးနှစ်အထိစောင့်စရာမလိုဘူး။ သုံး၊ လေးနှစ်နဲ့ ရောင်းရတာရှိတယ်။

မေး ။ ။ သနပ်ခါးတစ်ပင်ရဲ့ သက်တမ်းက ဘယ်လောက်အထိ ရှိပါသလဲ။

ဖြေ ။ ။ သနပ်ခါးတစ်ပင်ရဲ့ သက်တမ်းကတော့ အများဆုံးနှစ် ၅၀ အထိရှိပါတယ်၊ အပင်က နှစ် ၃၀ လောက်ရှိပြီဆိုရင်ကို အပင်အိုသွားပြီး အတက်ပေါက်လည်း ကျသွားတဲ့အပြင် သိပ်လည်း မကောင်းတော့ဘူး။ ကျွန်တော်တို့ကတော့ အများဆုံး ၁၀ နှစ်အထိပဲထားကြတယ်၊ အကျိုးရှိတာကတော့ တစ်သောင်းပတ်ချာလည်လောက်ဈေးနှုန်းရနိုင်ပြီဆိုရင် ခုတ်ရောင်းလိုက်တာက အကောင်းဆုံးပါပဲ၊ အဲဒါက အတက်ပေါက်တာလည်းမြန်တယ်၊ ကောင်းတယ်၊ မကြာခဏလည်း ရောင်းရတယ်ဆိုတော့ အကျိုးကျေးဇူးပိုများပါတယ်။

မေး ။ ။ ကျွန်မတို့ရဲ့ မြန်မာ့သနပ်ခါးကို လူသားမျိုးနွယ်ကိုယ်စားပြုဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း မှတ်တမ်းဝင်နိုင်ရေး နိုင်ငံတော်အဆင့်တာဝန်ရှိသူတွေရော၊ သနပ်ခါးလုပ်ငန်းရှင်တွေရော၊ သနပ်ခါးကိုချစ်မြတ်နိုးကြတဲ့ ပြည်သူတွေကပါ ဝိုင်းဝန်းကြိုးပမ်းလှုပ်ရှားဆောင်ရွက်နေမှုနှင့်ပတ်သက်ပြီး ဆရာ့အမြင်လေးလည်း သိပါရစေရှင်။

ဖြေ ။ ။ ကျွန်တော်ကိုယ်တိုင်လည်း သနပ်ခါးစိုက်ပျိုးပြီး ထုတ်လုပ်ဖြန့်ဖြူးရောင်းချတယ်၊ သနပ်ခါးကိုလည်း ချစ်မြတ်နိုးသူဆိုတော့ အခုလိုမြန်မာနိုင်ငံအနှံ့အပြားက ကြိုးပမ်းလှုပ်ရှားဆောင်ရွက်ကြတာ ကျေးဇူးတင်တယ်လို့ ပြောချင်ပါတယ်၊ အောင်လည်း အောင်မြင်စေချင်ပါတယ်၊ အောင်မြင်သွားရင်တော့ အတိုင်းမသိဝမ်းမြောက်ဝမ်းသာဖြစ်မှာပါ။

မေး ။ ။ မြန်မာ့ရိုးရာသနပ်ခါးယဉ်ကျေးမှုဓလေ့ ရေရှည်တည်တံ့ခိုင်မြဲစေဖို့အတွက် ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်သင့်တဲ့အကြောင်းတွေကိုလည်း ဆရာ့အမြင်လေး ပြောပေးပါဦးရှင်။

ဖြေ ။ ။ ဒီသနပ်ခါးကို ပြည်သူလူထုတစ်ရပ်လုံးကလည်း ချစ်မြတ်နိုးကြတယ်လေ၊ မိန်းကလေးအများအပြားကလည်း အသားအရေစိုပြည်ရေးအတွက် အသုံးအဆောင်အဖြစ် အစဉ်အမြဲလိမ်းခြယ်တတ်ကြတယ်၊ ပြည်ပထွက်ကုန်များဖြစ်တဲ့ မိတ်ကပ်၊ ပေါင်ဒါတွေထက်လည်း ကျန်းမာရေးနဲ့လည်းညီညွတ်တယ်၊ ဘေးထွက်ဆိုးကျိုးလည်း မရှိဘူး၊ အဲဒါကြောင့် မြန်မာ့ရိုးရာသနပ်ခါးယဉ်ကျေးမှုဓလေ့ ရေရှည်တည်တံ့ခိုင်မြဲစေဖို့အတွက်ဆိုရင် စိုက်ပျိုးရေးသမားတွေက အများအပြား တိုးချဲ့စိုက်ပျိုးလုပ်ကိုင်ကြဖို့နဲ့ အရောင်းအဝယ်သမားတွေကလည်း အတတ်နိုင်ဆုံး ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ကြဖို့ပဲ ပြောချင်ပါတယ်။

**တွေ့ဆုံမေးမြန်းသူ - စန်းယုမော်(ပြန်/ဆက်)**
**ဓာတ်ပုံ - ဆလိုင်းကိုကီး(မဟာဝိဇ္ဇာ)**

# ပုဗ္ဗသီရိမြို့နယ် အဝါရောင်မျိုးဆက်သစ် ဘုန်းတော်ကြီးသင်ပညာရေး (မူလွန်)ကျောင်း၌ စာကြည့်တိုက်ဖွင့်ပွဲနှင့် စက်ချုပ်သင်တန်းဆင်းပွဲအခမ်းအနား ပြုလုပ်

**နေပြည်တော် ဇွန် ၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အဝါရောင်မျိုးဆက်သစ် ဘုန်းတော်ကြီးသင်ပညာရေး (မူလွန်)ကျောင်းတွင် စာကြည့်တိုက်ဖွင့်ပွဲနှင့် စက်ချုပ်သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

ဦးစွာ စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို အဝါရောင်မျိုးဆက်သစ် ပရဟိတအသင်းကြီး၏ ဦးဆောင်နာယက ဆရာတော် အရှင်ဣသရိယ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ စာကြည့်တိုက်ဖွင့်ပွဲနှင့် စက်ချုပ်သင်တန်းဆင်းပွဲ အခမ်းအနားတွင် အဝါရောင်မျိုးဆက်သစ် ပရဟိတအသင်းကြီး၏ ဦးဆောင်နာယက ဆရာတော် အရှင်ဣသရိယက အဖွင့်အမှာစကားပြောကြားပြီး နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်၊ ဥတ္တရခရိုင် လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်း၊ ပုဗ္ဗသီရိမြို့နယ် ဦးစီးအရာရှိ ဒေါ်နန်းဆွေဆွေအေးတို့က YGW ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းကာ သင်တန်းတက်ရောက်ပြီးသော ကျောင်းသားကျောင်းသူများအတွက် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် စက်ချုပ်သင်တန်းတွင် ချုပ်လုပ်ထားသော ဒီဇိုင်းများကို ကျောင်းသား ကျောင်းသူများ ဝတ်ဆင်ပြသပြီး စာကြည့်တိုက် ဖွင့်လှစ်ထားရှိမှုအခြေအနေ၊ ပညာသင်ကြားရေး အခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းပြသပေးခဲ့ကြောင်း သိရသည်။




**နန်းရွှေရတီ(ပြန်/ဆက်)**

# အနာဂတ်ဆီသို့ အတူလက်တွဲလျှောက်လှမ်းမည် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေးထူထောင်ခြင်း (၇၅) နှစ်ပြည့်အထိမ်းအမှတ် နှစ်နိုင်ငံမီဒီယာဆွေးနွေးပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၁**

အနာဂတ်ဆီသို့ အတူလက်တွဲလျှောက်လှမ်းမည် မြန်မာ-တရုတ်သံတမန်ဆက်ဆံရေး ထူထောင်ခြင်း (၇၅) နှစ်ပြည့်အထိမ်းအမှတ် နှစ်နိုင်ငံ မီဒီယာဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပသည်။



ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးရဲတင့် အနာဂတ်ဆီသို့ အတူလက်တွဲလျှောက်လှမ်းမည် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေးထူထောင်ခြင်း (၇၅)နှစ်ပြည့်အထိမ်းအမှတ် နှစ်နိုင်ငံ မီဒီယာဆွေးနွေးပွဲ အခမ်းအနား၌ အမှာစကားပြောကြားစဉ်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ သံမှူးကြီး Ms. Cao Jing နှင့် တာဝန်ရှိသူများ၊ ပါဝင်ဆွေးနွေးကြမည့်ပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် China Media Group တို့မှ အဆိုရှင်များက တရုတ်ကျေးလက်“ပန်းစံပယ်” သီချင်းဖြင့် အဖွင့်သီဆိုဖျော်ဖြေကြသည်။

ထို့နောက် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး ထူထောင်ခြင်း (၇၅)နှစ်ပြည့် အထိမ်းအမှတ် “ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးမှသည် ပိုမိုတိုးတက်အောင်မြင်မည့် နွေးထွေးသည့် မြန်မာ-တရုတ်ဆက်ဆံရေး” Video Clip ကို ပြသသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးရဲတင့်က ယခုနှစ်သည် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး ထူထောင်ခြင်း (၇၅) နှစ်ပြည့် စိန်ရတုကာလဖြစ်သဖြင့် နှစ်နိုင်ငံအတွက် ထူးခြားလေးနက်မှုရှိပါကြောင်း၊ ယနေ့ပြုလုပ်သည့် နှစ်နိုင်ငံ မီဒီယာဆွေးနွေးပွဲ၏ ရည်ရွယ်ချက်ဖြစ်သော “အနာဂတ်ဆီသို့ အတူလက်တွဲလျှောက်လှမ်းမည်” ဆိုသည့်အတိုင်း နှစ်နိုင်ငံမီဒီယာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် နှစ်နိုင်ငံ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးကို ပိုမိုတိုးတက်ခိုင်မြဲအောင် ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မကြာမီက မိမိတို့နိုင်ငံတွင် ကြုံတွေ့ခဲ့ရသည့် မန္တလေးငလျင်ကြီးနှင့် ပတ်သက်ပြီး တရုတ်နိုင်ငံမှ မီဒီယာများက ကမ္ဘာအနှံ့သိရှိအောင် အချိန်နှင့်တစ်ပြေးညီ မျှဝေပေးခဲ့သည့်အတွက် ရှာဖွေကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများတွင် များစွာအထောက်အပံ့ဖြစ်ခဲ့ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား မီဒီယာပူးပေါင်းဆောင်ရွက်မှုသည် ဆယ်စုနှစ်များစွာ ကြာမြင့်ခဲ့ပြီး ရင်းနှီးခင်မင်သော ကူးလူးဖလှယ်မှုများ ရှိနေပြီဖြစ်ပါကြောင်း၊ တိုးတက်လာသည့် နည်းပညာများနှင့်အညီ ဖွံ့ဖြိုးတိုးတက်သည့် မီဒီယာကဏ္ဍကို ယခုထက် ပိုမိုပူးပေါင်းဆောင်ရွက်ပြီး နှစ်နိုင်ငံဆက်ဆံမှုခိုင်မြဲရေး၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှု မြှင့်တင်ရေးတို့ကို ထိရောက်စွာ ဆောင်ရွက်သွားကြမည်ဖြစ်ပြီး အေးအတူ ပူအမျှ အသိုက်အဝန်း ပုံသဏ္ဌာန်ဖြင့် ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံမှူးကြီး Ms. Cao Jing က မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးအနေဖြင့် မီဒီယာ၏ အခန်းကဏ္ဍကို အလေးထားပါကြောင်း၊ မြန်မာ-တရုတ်မီဒီယာ တွေ့ဆုံပွဲကို သုံးလတစ်ကြိမ် ကျင်းပလေ့ရှိပါကြောင်း၊ နှစ်စဉ် မြန်မာမီဒီယာ မိတ်ဆွေများကို တရုတ်နိုင်ငံ လေ့လာရေးခရီးစဉ်နှင့် မွမ်းမံသင်တန်းများ စီစဉ်ပေးပြီး မြန်မာ့နယ်ပယ်အသီးသီးသို့ စစ်မှန်သည့် တရုတ်နိုင်ငံ၏ပုံစံကို ပြသလျက်ရှိပါကြောင်း၊ နောက်ပိုင်းတွင်လည်း တရုတ်သံရုံးက နှစ်နိုင်ငံမီဒီယာမိတ်ဆွေများ ကူးလူးဖလှယ်ဆွေးနွေးပွဲများကို ပိုမိုကျင်းပပေးပြီး တရုတ်ယဉ်ကျေးမှု၏ ဝိသေသလက္ခဏာများနှင့် ဆွဲဆောင်မှု၊ တရုတ်ပြည်သူများ၏ ခင်မင်ရင်းနှီးမှုနှင့် ရိုးသားမှုတို့ကို မြန်မာမိတ်ဆွေများ လက်တွေ့ခံစားရစေရန် ကူညီဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အဆိုရှင်များက “လွမ်းဖွယ်” သီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် “အရေးပေါ်အခြေအနေများအတွင်း မြန်မာ-တရုတ်မီဒီယာ ပူးပေါင်းဆောင်ရွက်မှုများသည် တူညီသောအနာဂတ်များရှိသည့် မြန်မာ-တရုတ် အသိုက်အဝန်း၏ အနှစ်သာရအဓိပ္ပာယ်ကို ဖော်ကျူးခြင်း”၊ “လျှောင်အလွန် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု သတင်းများရယူရေးအတွက် မီဒီယာပူးပေါင်းဆောင်ရွက်မှုအနာဂတ် အလားအလာ” နှင့် “မြန်မာ-တရုတ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ထူထောင်ခြင်း (၇၅) နှစ်ပြည့်မြောက်ခြင်းကို အခွင့်အလမ်းအဖြစ် သဘောထား၍ တရုတ်အသွင်ပုံစံ ခေတ်မီမှုဖြင့် မြန်မာ-တရုတ် ပူးပေါင်းဆောင်ရွက်မှု (သံတမန်ဆက်ဆံရေး၊ မီဒီယာကဏ္ဍ)အတွက် အခွင့်အလမ်းအသစ်များ ယူဆောင်လာပေးခြင်း” ခေါင်းစဉ်တို့ဖြင့် အပိုင်းသုံးပိုင်းခွဲ၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် China Media Group တို့မှ တာဝန်ရှိသူများက ပါဝင်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



အရေးပေါ်အခြေအနေများအတွင်း မြန်မာ-တရုတ် မီဒီယာ ပူးပေါင်းဆောင်ရွက်မှုများသည် တူညီသောအနာဂတ်များရှိသည့် မြန်မာ-တရုတ် အသိုက်အဝန်း၏ အနှစ်သာရအဓိပ္ပာယ်ကို ဖော်ကျူးခြင်းခေါင်းစဉ်ဖြင့် ဆွေးနွေးစဉ်။

## မိုးညှင်းမြို့၌ မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**မိုးညှင်း ဇွန် ၁**

ကချင်ပြည်နယ် မိုးညှင်းမြို့တွင် မြို့နယ်သစ်တောဦးစီးဌာန၏အစီအစဉ်ဖြင့် ၂၀၂၅ ခုနှစ် မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို မေ ၃၁ ရက် နံနက်ပိုင်းက စုပေါင်းရုံးအနီး ကွင်းပြင်၌ ကျင်းပသည်။

အဆိုပါ စိုက်ပျိုးပွဲတွင် အမြင့် နှစ်ပေအထက်ရှိသော အရိပ်ရ နှစ်ရှည်ပင်များဖြစ်သည့် ကံ့ကော် ၂၃၀၊ ခရေ ၂၃၀၊ ပျဉ်းမ ၂၃၀၊ ပိတောက် ၂၄၀၊ ယင်းမာ ၁၀၊ ကျွန်း ၁၀၊ ပျဉ်းကတိုး ၁၀၊ ယမနေ ၁၀၊ မျောက်ငို ၁၀၊ မဟော်ဂနီ ၁၀ နှင့် မန်ကျည်းရွှာ ၁၀ စုစုပေါင်းပျိုးပင် ၁၀၀၀ တို့ကို ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဇော်ကိုကိုဝင်းနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများတွင် စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ရွှေမိုးညှင်း**

## သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

## အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း (မုဒုံမြို့)၌ အသိပညာပေး ဟောပြော

**မုဒုံ ဇွန် ၁**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း (မုဒုံမြို့) ခန်းမ၌ အသိပညာပေးဟောပြောပွဲကို မေ ၃၀ ရက်က ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ ပြည်နယ်အမျိုးသမီးရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အိနန္ဒာဝင်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဒေါ်ဝင်းသျှန္ဒအေးက အမျိုးသမီးငယ်လေးများ အိမ်တွင်းအကြမ်းဖက်မှုဆိုင်ရာ အကြောင်းအရာများ၊ ကျား/မအခြေပြု အကြမ်းဖက်မှုများနှင့် အမျိုးသမီးငယ်လေးများ၏ အခွင့်အရေးများ၊ အမျိုးသမီးများအခွင့်အရေး ချိုးဖောက်ခံရခြင်းနှင့် တိုင်ကြားနိုင်သည့် နည်းလမ်းများ စသည်တို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်/ မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့က အဆင့်မြင့် အိမ်တွင်းမှုစက်ချုပ်၊ မွန်ရိုးရာ လက်ရက်ကန်းသင်တန်းများ တက်ရောက်နေကြသည့် သင်တန်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ရာမည (ပြန်/ဆက်)**



# ရော်ဘာအခြေခံ MSME ထုတ်ကုန်များဖွံ့ဖြိုးတိုးတက်ရေး

အေးအေးမြင့်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသောနိုင်ငံဖြစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်အနက် "တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်" ဟူသည့် လုပ်ငန်းစဉ်နှင့်အညီ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးရေးကိုအခြေခံသော ထုတ်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်လျက်ရှိပါသည်။


ရော်ဘာအများဆုံးစိုက်ပျိုးသည့် မွန်ပြည်နယ်အတွင်းရှိ ရော်ဘာခြံမှ ခွက်ကပ်များဆွဲ၍ ရော်ဘာအစေးခံထားစဉ်။

**မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်မှု**

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းများအနက် သဘာဝရော်ဘာ (Natural Rubber) စိုက်ပျိုးထုတ်လုပ်သည့်လုပ်ငန်းသည်လည်း အရေးပါသည့်လုပ်ငန်းတစ်ခုဖြစ်ပြီး ရော်ဘာပင်၏အခေါက်မှ အစေးကိုခြစ်ယူ၍ အစေးခဲခြင်း၊ အစေးကြိတ်ခြင်း၊ မှိုင်းတင်ခြင်းဖြင့် မှိုင်းခံရော်ဘာ (Ribbed Smoked Sheet Rubber) များ ထုတ်လုပ်ခြင်းအပြင် ဆွဲဖတ်ခွက်ကပ်များ၊ ဖြတ်စည့ပ်စများကိုပြုပြင်၍ အရည်အသွေးမြင့်ခရမ့်ရော်ဘာများ ထုတ်လုပ်လျက်ရှိပါသည်။ ထိုသို့ထုတ်လုပ်လျက်ရှိရာတွင် မြန်မာနိုင်ငံ၏ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုမှာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် သီးနှံစိုက်ဧရိယာ ၁၆၃၉၇၄၈ ဧက အနက် အစေးခြစ်ဧရိယာ ၁၀၃၀၄၆၆ ဧကမှ ရော်ဘာတန်ချိန် ၃၃၈၇၅၈ တန် ထုတ်လုပ်နိုင်ခဲ့ပါသည်။

**ရော်ဘာပြည်ပတင်ပို့မှုအခြေအနေ**

မှိုင်းခံရော်ဘာနှင့် အဆင့်မြင့်ရော်ဘာများ ထုတ်လုပ်မှု၏ ၁၀ ရာခိုင်နှုန်းခန့်သာ ပြည်တွင်းစက်မှုလုပ်ငန်းများတွင်သုံးစွဲပြီး ကျန် ၉၀ ရာခိုင်နှုန်းကျော်ကို ပင်လယ်ရေကြောင်းနှင့် နယ်စပ်မှ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်းရော်ဘာတန်ချိန် ၂၁၁၂၇၃ တန် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၇၅ ဒသမ ၅၆၉ သန်း ဝင်ငွေရရှိခဲ့ပါသည်။

**ရော်ဘာအခြေခံထုတ်ကုန်များ ပြည်ပမှတင်သွင်းနေရမှုအခြေအနေ**

ရော်ဘာကုန်ကြမ်းများ ပြည်ပသို့တင်ပို့နိုင်သော်လည်း ရော်ဘာအခြေခံထုတ်ကုန်များဖြစ်သည့် ကားတာယာအပါအဝင် တာယာမျိုးစုံ၊ ကျွတ်များနှင့် သားရေကွင်း၊ ပူဖောင်း၊ လက်အိတ်၊ မွေ့ရာ၊ ရော်ဘာဖိနပ်ဆိုးပြားစသည့် MSME ထုတ်ကုန်များပြည်တွင်းတွင်လုံလောက်စွာထုတ်လုပ်နိုင်မှုမရှိ၍ ပြည်ပမှတင်သွင်းနေရပါသည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ကားတာယာ၊ စက်ဘီးတာယာ၊ ဆိုင်ကယ်တာယာနှင့် ကျွတ်အမျိုးမျိုးအရေအတွက် ၇၀၆၈၂၇၂ ခု ခန့်ကို ပင်လယ်ရေကြောင်းနှင့် နယ်စပ်မှတင်သွင်းခဲ့ရာ အမေရိကန်ဒေါ်လာ ၄၆ ဒသမ ၇၈၂ သန်း အကုန်အကျခံခဲ့ရကြောင်း သိရှိရပါသည်။

**သဘာဝရော်ဘာ၏ ပြိုင်စံကင်းသောဂုဏ်သတ္တိ**

သဘာဝရော်ဘာသည် မာပြီးဆွဲနိုင်ဆန့်နိုင်ခြင်း၊ အပူချိန်မြင့်တက်လာချိန်တွင် ပျော့ပျောင်းပြီး စေးကပ်လာခြင်း၊ ဆွဲနိုင်ဆန့်နိုင်သောဂုဏ်သတ္တိရှိခြင်းတို့ကြောင့် ဆွဲဆန့်ရာတွင် ကျယ်ပြန့်လာပြီး စပရင်ကဲ့သို့ ဖွဲ့စည်းမှုကြောင့် လွှတ်လိုက်သည့်အချိန်တွင် မူလအနေအထားသို့ ပြန်လည်ရောက်ရှိနိုင်ပါသည်။ ထိုသို့ဖြစ်ပေါ်မှုသည် အပူချိန် ၁၀ ဒီဂရီစင်တီဂရိတ် မှ ၆၀ ဒီဂရီစင်တီဂရိတ်အတွင်း ဖြစ်ပေါ်နိုင်ပြီး ပွတ်စားမှုဒဏ်(Abrasion)၊ ကွဲအက်မှုဒဏ် (Flex cracking) တို့ကိုလည်း ခံနိုင်ရည်ရှိပါသည်။ အဆိုပါထူးခြားသည့်ဂုဏ်သတ္တိထူးများ၊ အရည်အချင်းများကြောင့်ပင် တာယာများထုတ်လုပ်ရာတွင် သဘာဝရော်ဘာကို မဖြစ်မနေအသုံးပြုနေရပြီး သဘာဝရော်ဘာသုံးစွဲမှုသည် အရေးပါနေဆဲဖြစ်ကြောင်း သိရှိရပါသည်။

**ရော်ဘာအခြေခံထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေး**

ထုတ်လုပ်သော ရော်ဘာကုန်ကြမ်းများကို ပြည်တွင်း၌သုံးစွဲမှုနည်းပြီး ပြည်ပဈေးကွက်ကိုသာ အားကိုးနေရခြင်းတို့ကြောင့် ပြည်ပဈေးကွက်တွင် ဈေးနှိမ်ဝယ်ယူမှုများရှိလာပြီး ရသင့်သည့်ဈေးနှုန်း မရရှိဘဲ ဝင်ငွေလျော့နည်းမှုများ ကြုံတွေ့နေရပါသည်။ ပြည်တွင်းရှိရော်ဘာအခြေခံ MSME ထုတ်ကုန်လုပ်ငန်းများဖွံ့ဖြိုးလာပါက ပြည်တွင်း၌ထွက်ရှိသော ရော်ဘာကုန်ကြမ်းများကို အသုံးပြုထုတ်လုပ်နိုင်ပြီး ရော်ဘာအခြေခံ MSME ထုတ်ကုန်များ ပြည်ပမှတင်သွင်းနေရမှုကို လျှော့ချနိုင်မည်ဖြစ်ပါသည်။

ရော်ဘာအခြေခံ MSME ထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရော်ဘာသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာန(ရန်ကုန်)တွင် ရော်ဘာအစေးရည်ကိုအခြေခံသော ရော်ဘာကုန်ချောပစ္စည်းများထုတ်လုပ်မှုနှင့် မှိုင်းခံရော်ဘာကိုအခြေခံသော ကုန်ချောပစ္စည်းများထုတ်လုပ်မှု သင်တန်း၊ ဓာတ်ခွဲခန်းသုံးပစ္စည်းကိရိယာများကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ သင်တန်းတို့ကို နှစ်စဉ် အနည်းဆုံး နှစ်ကြိမ်ဖွင့်လှစ်၍ ဌာနတွင်းဝန်ထမ်းများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား နည်းပညာများ ဖြန့်ဝေပေးလျက်ရှိပါသည်။

ရော်ဘာအခြေခံထုတ်ကုန်များ ထုတ်လုပ်နေသည့် စက်ရုံ/ အလုပ်ရုံများနှင့် လုပ်ငန်းရှင်များ၊ အသေးစားလုပ်ငန်းရှင်များအနေဖြင့် ထုတ်ကုန်များပိုမိုထုတ်လုပ်နိုင်ရေးနှင့် ထုတ်ကုန်ပစ္စည်း အရည်အသွေး ပိုမိုကောင်းမွန်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပြီး လိုအပ်သည်များ ကူညီပံ့ပိုးပေးနိုင်ရေးကိုလည်း ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

ရော်ဘာအခြေခံထုတ်ကုန်ဆိုင်ရာ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရော်ဘာသုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးဌာနတွင်ကျွမ်းကျင်ဝန်ထမ်းများ မွေးမြူခြင်း၊

**စာမျက်နှာ ၇ သို့** ❂


ကရင်ပြည်နယ် ဘားအံခရိုင် ပိုင်ကျုံမြို့ရှိ ရော်ဘာစိုက်ပျိုးရေးခြံတစ်ခြံ၌ ရော်ဘာပြားများ နေလှန်းထားမှု။

> "ပြည်တွင်းတွင် ရော်ဘာကုန်ကြမ်းရှိပြီးဖြစ်၍ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများက အဆိုပါရော်ဘာကုန်ကြမ်းများကိုအသုံးပြုပြီး ရော်ဘာကုန်ချောပစ္စည်းထုတ်လုပ်သောစက်ရုံများ အထူးသဖြင့် ရော်ဘာအခြေခံ MSME ထုတ်ကုန်များ ထုတ်လုပ်သည့်စက်ရုံများ ရင်းနှီးမြှုပ်နှံထူထောင်လာပါက ရော်ဘာတင်ပို့ခြင်းကို ပြည်ပဈေးကွက်ကိုသာ အားကိုးနေရခြင်းမှ ရှောင်ရှားနိုင်မည်ဖြစ်ပါသည်။ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများနှင့် ပြည်တွင်း MSME လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံသူများပါ အကျိုးအမြတ်ရရှိကာ ရော်ဘာအခြေခံ MSME ထုတ်ကုန်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကိုလည်း တစ်ဖက်တစ်လမ်းမှ ပံ့ပိုးဆောင်ရွက်ပေးနိုင်မည်"

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၁

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့နယ် မင်းကွန်းဒေသရှိ ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သမိုင်းဝင်မြသိန်းတန်စေတီတော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံများကိုလည်းကောင်း၊ မင်းကွန်းခေါင်းလောင်းကြီး ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးမှု ရှိ/မရှိကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် မင်းကွန်းဗုဒ္ဓဘာသာဘိုးဘွားရိပ်သာတွင် သက်ကြီးဘိုးဘွားများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ပေးအပ်သည့် လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်း ၁၈ မျိုးကို ပေးအပ်ပြီး ချက်ပြုတ်ရေးအဆောင်နှင့် ဘိုးဘွားအိပ်ဆောင်များသို့ သွားရောက်၍ သက်ကြီးဘိုးဘွားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ပုထိုးတော်ကြီးနှင့် ခြင်္သေ့ကြီးအားလည်းကောင်း၊ မင်းကွန်းသီတဂူရေအလှူတော်ပင်မရေတင်စက်ရုံအားလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မင်းကွန်းနယ်မြေရဲစခန်းအား လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်း ၁၈ မျိုးအားပေးအပ်ခဲ့ပြီး ငလျင်ဘေးဒဏ်ကြောင့် ဝန်ထမ်းအိမ်ရာများ ပြိုကျပျက်စီးမှုအခြေအနေများ



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံတို့ စစ်ကိုင်းမြို့ မင်းကွန်းဒေသ သမိုင်းဝင်မြသိန်းတန်စေတီသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။

ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေရှိ တိပိဋကနိကာယကျောင်းတိုက် ဆရာတော်ကြီးများအား စားသောက်ကုန်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကာ ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော တိပိဋကနိကာယကျောင်းတိုက်ကို စက်ယန္တရားကြီးဖြင့် ဖယ်ရှားရှင်းလင်းနေမှုအားလည်းကောင်း၊ ကြက်ထောင့်ကန်ချောင်းပေါက်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)နှင့် ပယ်ငါးဆယ်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တို့၌ ငလျင်ဘေးဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သောအဆောက်အအုံများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အမရပူရမြို့နယ် သမိုင်းဝင်အောင်မြေ ရွှေကြက်ကျ ဆုတောင်းပြည့်မြတ်စွာဘုရားသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သောအပျက်အစီးများ ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်နေမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက်ရှိ ပဋ္ဌမသင်္ဂါယနာတင် မဟာလောကမာရဇိန်စေတီ ကုသိုလ်တော်မြတ်စွာဘုရား၊ စန္ဒာမုနိဘုရားနှင့် ကျောက်တော်ကြီးမြတ်စွာဘုရားများသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အပျက်အစီးများအား ရှေးမူမပျက် ပြန်လည်ပြုပြင်မွမ်းမံဆောင်ရွက်ပြီးစီးမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား အလှူငွေများ ပေးအပ်လှူဒါန်းကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်သည် ကျောက်ဆည်မြို့ ရန်ကုန်-မန္တလေးလမ်းမကြီးဘေးရှိ လမ်းဘေးဝဲ/ယာမှ ရေနုတ်မြောင်းများအား ရေစီးရေလာကောင်းမွန်စေရေးအတွက် စက်ယန္တရားများဖြင့် ဆယ်ယူနေမှုအခြေအနေများအားလည်းကောင်း၊ ကျောက်ဆည်မြို့ ဖျောက်ဆိပ်ပင်ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနရုံးဝင်းအတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော အဆောက်အအုံများအားလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးကာ ကျောက်ဆည်မြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးသွားသော ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် စဥ့်ကိုင်မြို့နယ် တရုတ်စုရပ်ကွက်ရှိ တိုက်ကျောင်းပရိယတ္တိစာသင်တိုက်၌ သံဃာတော်များ ဓမ္မာစရိယစာမေးပွဲနှင့် ပါဠိပထမပြန် စာမေးပွဲဖြေဆိုရန်အတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ စဥ့်ကိုင်မြို့နယ်ရှိ POWER GEN KYAUKSE COMPANY LIMITED သဘာဝဓာတ်ငွေ့အင်ဂျင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ခဲ့သည့် လျှပ်စစ်ဓာတ်အားပေးစက် အင်ဂျင်ရှစ်လုံးရှိသည့်အနက် အင်ဂျင်ခုနစ်လုံးမှာ ရာနှုန်းပြည့်ပြုပြင်ပြီးစီး၍ လည်ပတ်လျက်ရှိပြီး အင်ဂျင် တစ်လုံးလျှင် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအနေဖြင့် ၁၈ ဒသမ ၄၇၁ မဂ္ဂါဝပ်ရှိပြီး တစ်ရက်လျှင် မဟာဓာတ်အားလိုင်းသို့ ၁၂၉ ဒသမ ၂၉၇ မဂ္ဂါဝပ်ခန့် ထုတ်လုပ်ပေးသွင်းလျက်ရှိကြောင်း တာဝန်ရှိသူများက ရှင်းလင်းတင်ပြမှုအပေါ် ကျန်ရှိသည့်စက်အား အမြန်ပြုပြင်ဆောင်ရွက်ပြီး လုပ်ငန်းလည်ပတ်နိုင်ရေး မှာကြားခဲ့ပြီး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေးမြို့ ကျောက်တော်ကြီးမြတ်စွာဘုရား၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အပျက်အစီးများအား ရှေးမူမပျက် ပြန်လည်ပြုပြင်မွမ်းမံ ဆောင်ရွက်ပြီးစီးမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် စဥ့်ကိုင်မြို့နယ်ရှိ POWER GEN KYAUKSE COMPANY LIMITED သဘာဝဓာတ်ငွေ့အင်ဂျင်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။

❂ စာမျက်နှာ ၆ မှ

သုတေသနအခြေခံအဆောက်အအုံများ၊ ဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် သဘာဝရော်ဘာ စမ်းသပ်ချက်ရှစ်မျိုး၏ အရည်အသွေးများ စမ်းသပ်စစ်ဆေးခြင်း၊ ပုဂ္ဂလိကရော်ဘာထုတ်လုပ်သည့်စက်ရုံများ၏ ဓာတ်ခွဲခန်းများ အရည်အသွေး စစ်ဆေးခြင်း မှန်ကန်မှု ရှိ၊ မရှိ ဌာနဓာတ်ခွဲခန်းနှင့် ချိတ်ဆက်စစ်ဆေးပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါသည်။

ပြည်တွင်းတွင် ရော်ဘာကုန်ကြမ်းရှိပြီးဖြစ်၍ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများက အဆိုပါရော်ဘာကုန်ကြမ်းများကိုအသုံးပြုပြီး ရော်ဘာကုန်ချောပစ္စည်းထုတ်လုပ်သော စက်ရုံများအထူး သဖြင့် ရော်ဘာအခြေခံ MSME ထုတ်ကုန်များ ထုတ်လုပ်သည့်စက်ရုံများ ရင်းနှီးမြှုပ်နှံ ထူထောင်လာပါက ရော်ဘာတင်ပို့ခြင်းကို ပြည်ပဈေးကွက်ကိုသာ အားကိုးနေရခြင်းမှ ရှောင်ရှားနိုင်မည်ဖြစ်ပါသည်။ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများနှင့်ပြည်တွင်း MSME လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံသူများပါ အကျိုးအမြတ်ရရှိကာ ရော်ဘာအခြေခံ MSME ထုတ်ကုန်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကိုလည်း တစ်ဖက်တစ်လမ်းမှပံ့ပိုးဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# မကွေးမြို့၌ နွေရာသီတယောတီးခတ်မှုမွမ်းမံသင်တန်းဆင်းပွဲနှင့် ပညာသင်ထောက်ပံ့ကြေးချီးမြှင့်ပေးအပ်ပွဲ ကျင်းပ



**မကွေး ဇွန် ၁**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် နွေရာသီအခြေခံတယောတီးခတ်မှုမွမ်းမံသင်တန်းဆင်းပွဲနှင့် ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မကွေးမြို့နယ် စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့်ဇနီး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ ဥပဒေချုပ်၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များ၊ သင်တန်းနည်းပြများ၊ ကျောင်းသား ကျောင်းသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းမှရရှိသည့် ဗဟုသုတနှင့် အတတ်ပညာများကို အခြေခံပြီး မိမိတို့အနာဂတ်တိုးတက်ကောင်းမွန်စေရန်နှင့် အများနှင့် ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်တတ်စေရန် ရည်ရွယ်၍ သင်တန်းများဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဥယျာဉ်မှူးကိုယ်ပိုင်ကျောင်းမှ Grade-6 ကျောင်းသား မောင်လွင်သန့်ထူးအောင်က တစ်ကိုယ်တော်တီးခတ်ဖျော်ဖြေ၍ နွေရာသီတယောသင်တန်းကျောင်းမှကျောင်းသားကျောင်းသူများက သီချင်းဖြင့် အဖွဲ့လိုက်တီးခတ်ဖျော်ဖြေခဲ့ကြသည်။

ယင်းနောက် ပွင့်ဖြူမြို့နယ် မုန်းဇလဲကျေးရွာမှ မီးဘေးသင့်ခဲ့သည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင်ပညာသင်ယူကြမည့် ကျောင်းသား ကျောင်းသူ ၂၂ ဦးကို ပညာသင်ထောက်ပံ့ကြေးငွေများနှင့် နွေရာသီတယောတီးခတ်မွမ်းမံသင်တန်းမှ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများကို မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့က ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

# နေပြည်တော်၌ အကြိမ်(၇၀)မြောက် တောင်သူနည်းပညာဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် ဇွန် ၁**

အကြိမ်(၇၀)မြောက် တောင်သူနည်းပညာဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော် ရေဆင်းရှိ စိုက်ပျိုးပညာပေးနှင့် ကျေးလက်ဖွံ့ဖြိုးရေး သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က မိုးရွာသွန်းမှုမမှန်ခြင်း၊ ကာလကြာရှည်စွာ စိုက်ပျိုးထုတ်လုပ်မှုကြောင့် မြေဆီလွှာအားနည်းလာခြင်း၊ အရင်းအနှီးကုန်ကျစရိတ် မြင့်တက်နေသော်လည်း သီးနှံရောင်းဈေး အာမခံချက်မရှိခြင်း၊ ခေတ်မီနည်းပညာများအသုံးပြုလိုသော်လည်း နည်းကျလမ်းမှန်အသုံးမပြုနိုင်ခြင်းတို့ကို တောင်သူများနေ့စဉ်ရင်ဆိုင်နေကြရကြောင်း၊ ပညာရှင်များက လမ်းပြအကြံပေးသူ (Facilitators)အဖြစ် အတွေ့အကြုံများ၊ စိုက်ပျိုးနည်းများ၊ ပြဿနာများကို အတူတူဆွေးနွေးပြီး တောင်သူ့လယ်ကွင်းထဲ၌ပင် အတူတကွ စမ်းသပ်လေ့လာသည့် ပူးပေါင်းပါဝင်ဆောင်ရွက်သော သုတေသနနှင့် ပညာပေးခြင်း (Participatory Research and Extension) စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် လယ်သမားများ၏ စွမ်းရည်မြှင့်တင်ခြင်း၊ ဒေသအလိုက် ကိုက်ညီသော နည်းပညာများဖွံ့ဖြိုးခြင်း၊ ဆုံးဖြတ်ချက်ချရာတွင်ပိုမိုပါဝင်ခြင်း၊ ရေရှည်တည်တံ့သော ထုတ်လုပ်မှု မြင့်မားလာခြင်းတို့ကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တောင်သူများနှင့် ဆွေးနွေးပွဲ တက်ရောက်လာကြသူများ၏ မေးမြန်းချက်များနှင့် ပတ်သက်၍ ဒုတိယဝန်ကြီးက ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၏ အကျိုးကျေးဇူးများ၊ စိန်ခေါ်မှုများနှင့် အောင်မြင်ရန်အချက်များ၊ အတူဖွံ့ဖြိုးရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

ဆွေးနွေးပွဲသို့ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ သုတေသီနှင့်ပညာရှင်များနှင့် နေပြည်တော်ကောင်စီနယ်မြေမှ တောင်သူ ၆၅ ဦးတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်များမှ ပညာရှင်နှင့် တောင်သူ ၁၅၀ တို့က zoon point (၁၀၀)မှ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး ဘားအံ၊ လှိုင်းဘွဲ့၊ သံတောင်ကြီးဒေသ သမဝါယမအသင်းများနှင့် တွေ့ဆုံ




**နေပြည်တော် ဇွန် ၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ကရင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးညီညီဇော်နှင့်အတူ ယနေ့နံနက်ပိုင်းက ကရင်ပြည်နယ် ဘားအံမြို့နယ် လှာကမြင်ကျေးရွာအုပ်စုသို့သွားရောက်၍ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ပါရမီတံတားအဝင်လမ်း အရှည်တစ်မိုင် ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၂၄-၂၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ရသဝေါ်အင်းအဝင်လမ်း ခုနစ်ဖာလုံ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းအား ကြည့်ရှုစစ်ဆေးပြီး ဒေသခံ တိုင်းရင်းသားများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ထို့နောက်ဘားအံမြို့ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၌ သွားရောက်၍ လက်ရက်ကန်း ခြောက်လသင်တန်း၊ ချည်မျှင်နှင့် အထည်အလိပ်ကျွမ်းကျင်သူ တစ်နှစ်သင်တန်း တက်ရောက်နေကြသော သင်တန်းသူများ၊ သင်တန်းကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ရိုးရာကိုအခြေခံသော တီတွင်ဆန်းသစ်မှုများပြုလုပ်ရန်၊ သဘာဝဆိုးဆေး Eco Printing ပညာရပ်ကို သင်တန်းသား သင်တန်းသူများ လေ့လာသိရှိနိုင်အောင် သင်ကြားပြသပေးရန်မှာကြားပြီး သင်တန်းကျောင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးသို့ သွားရောက်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း VDP ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးနေသည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး ဒုတိယဝန်ကြီးက ဘားအံမြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာအတွက် စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀ စီကိုလည်းကောင်း၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးက လှိုင်းဘွဲ့မြို့နယ်အတွင်း ရှိကျေးရွာနှစ်ရွာအတွက် စီမံကိန်း ရန်ပုံငွေကျပ် သိန်း ၁၅၀ စီကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်က သံတောင်ကြီးမြို့နယ် အတွင်းမှ ကျေးရွာတစ်ရွာအတွက် စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀ စီကိုလည်းကောင်း ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဝန်ကြီးဌာနအောက် ဦးစီးဌာနလေးခုမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဘားအံမြို့သမဝါယမဦးစီးဌာနရုံး၌ ဘားအံ၊ လှိုင်းဘွဲ့၊ သံတောင်ကြီးဒေသ စိုက်ပျိုးရေးသမဝါယမအသင်းများမှ အသင်းသားတောင်သူ ၉၆ ဦးနှင့်တွေ့ဆုံ၍ သမဝါယမအသင်းများသို့ အထွက်တိုးမျိုးစပါးများနှင့် သွင်းအားစုများကိုလည်းကောင်း၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးက အစေ့ချကိရိယာများကိုလည်းကောင်း ထောက်ပံ့ပေးအပ်သည်။

**သတင်းစဉ်**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် ဇွန် ၁**

ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့သည့် မြစ်ကြီးနားမြို့ရှိ ရပ်ကွက်များ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်



နေပြည်တော်  ဇွန်  ၁

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီမြစ်ရေမြင့်တက်လာပြီး ဧရာဝတီမြစ်ကမ်းဘေးရှိ ကြက်ပေါင်ခြံရပ်ကွက်၊ ရမ်ပူရပ်ကွက်၊ လယ်ကုန်းရပ်ကွက်၊ မြို့သစ်ကြီးရပ်ကွက်နှင့် မြေမြင့်ရပ်ကွက်များအတွင်း ရေများ လေးပေမှ ခြောက်ပေခန့်အထိ ဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ မြစ်ရေဝင်ရောက်မှုဖြစ်ပွားရာနေရာများသို့ ယနေ့တွင် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး မြစ်ရေများ ထပ်မံဝင်ရောက်လာပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရန် စုဖွဲ့ပြင်ဆင်ထားလျက်ရှိသည်။

ထိုသို့ စုဖွဲ့ပြင်ဆင်ထားရှိမှုများကို ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်ဇော်ထွေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ မြစ်ရေဝင်ရောက်လျက်ရှိသည့် ရပ်ကွက်များမှ ပြည်သူများကို အလှူငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ချောင်းဦးမြို့၌ တောင်သူများအား မျိုးစေ့နှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်

ချောင်းဦး  ဇွန်  ၁

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ စိုက်ပျိုးရေးဦးစီးဌာနရုံးတွင် မေ ၃၁ ရက်က ၂၀၂၅-၂၀၂၆ ခုနှစ် မိုးရာသီ သီးနှံစံပြကွက် စိုက်ပျိုးမည့် အကျိုးဆောင်တောင်သူများအား မျိုးကောင်းမျိုးသန့် မျိုးစေ့များ၊ စိုက်ပျိုးရာတွင် ထည့်သွင်းအသုံးပြုရမည့် သွင်းအားစုများကို ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက အမှာစကားပြောကြားသည်။ ထို့နောက် တက်ရောက်လာသော အကျိုးဆောင်တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးတင့်ဆွေနှင့် ဝန်ထမ်းများက မိုးရာသီသီးနှံမျိုးစေ့များ၊ သွင်းအားစုများ အခမဲ့ထောက်ပံ့ပေးအပ်သည်။

အဆိုပါ အခမ်းအနားတွင် အကျိုးဆောင်တောင်သူ ၇၇ ဦးအား အောင်နိုင်တိုးစပါး၊ ရေအနည်းလို ၇ စပါး၊ နှမ်း၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ချည်မျှင်ရှည်ဝါ မျိုးစေ့များ၊ သွင်းအားစုများဖြစ်သည့် ယူရီးယားဓာတ်မြေဩဇာ၊ ကွန်ပေါင်း၊ ဂျစ်ပဆန် မြေဩဇာများ အခမဲ့ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဝင်းမြင့်အောင်(ပြန်/ဆက်)

# ပွင့်ဖြူမြို့၌ ဆယ့်နှစ်ပွဲဈေးသည်များ စုပေါင်းဈေးရောင်းပွဲတော် ကျင်းပ

ပွင့်ဖြူ  ဇွန်  ၁

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဒေသခံပြည်သူများ စိတ်အပန်းပြေစေရန်နှင့် အိမ်အသုံးအဆောင်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို တစ်နေရာတည်း၌ အဆင်ပြေစွာ ဝယ်ယူနိုင်ရန် ရည်ရွယ်ကာ မေ ၂၄ ရက်မှစတင်၍ ပွင့်ဖြူမြို့ အရှေ့ပိုင်းရပ်ကွက် အောင်သိဒ္ဓိကျောင်းတိုက် မြစေညီနောင် စေတီတော်မြတ်ကြီး ဝင်းအတွင်း၌ ရွှေပွဲတော်ကုမ္ပဏီကြီးမှူး၍ ဆယ့်နှစ်ပွဲဈေးသည်များ စုပေါင်းဈေးရောင်းပွဲတော် ကျင်းပသည်။





အဆိုပါ စုပေါင်းဈေးရောင်းပွဲတော်ကို မေ ၂၄ ရက်မှ ၃၀ ရက်အထိ ၇ ရက်ကြာ ကျင်းပခဲ့ပြီး ဒေသခံပြည်သူများ စိတ်ကြိုက်ဝယ်ယူနိုင်ရန် လူသုံးကုန်ပစ္စည်းမျိုးစုံ၊ အိမ်အသုံးအဆောင်ပစ္စည်းမျိုးစုံနှင့် စားသောက်ကုန်ပစ္စည်းမျိုးစုံ၊ ကလေးများအတွက် ကစားစရာပစ္စည်းမျိုးစုံ အရောင်းဆိုင်များပါဝင်သည့် ဈေးဆိုင်ခန်း ပေါင်း ၅၀ ကျော်မှ ဈေးသည်များက နေ့စဉ်ရောင်းချပေးသည်။

**စည်ကားလျက်ရှိ**

ထို့ပြင် ဈေးဝယ်လာပြည်သူများအတွက် စိတ်လက်ပေါ့ပါးစွာ အနားယူ အပန်းဖြေနိုင်ရန် ပင်လယ်ဓားပြ အပျော်စီးလှေ၊ ချားရဟတ်(ချားဝိုင်း)နှင့် ကလေးငယ်များ ဆော့ကစားရန်အတွက် ကလေးစီးရထား၊ ပျော့ပျော့အိ၊ ကလေးစီးဒုန်းများ ထည့်သွင်းစီစဉ်ဆောင်ရွက်ထားရှိရာ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှ လာရောက်အပန်းဖြေ ဈေးဝယ်ယူကြသူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# သုံးခွမြို့၌ အသက်တစ်နှစ်ခွဲအထိကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများထိုးနှံတိုက်ကျွေး



ရန်ကုန်  ဇွန်  ၁

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများက မြို့ပေါ်ရပ်ကွက်များရှိ မွေးကင်းစမှတစ်နှစ်ခွဲအထိ ကလေးငယ်များအား အသက်အရွယ်အလိုက် လများခြားလျက် ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးခြင်းကို ဇွန် ၁ ရက်က ဆောင်ရွက်သည်။

ကာကွယ်ဆေးမထိုးမီ ကလေးငယ်များအား ပေါင်ချိန်ခြင်း၊ အရပ်တိုင်းတာခြင်း၊ မှတ်တမ်းရေးသွင်းခြင်းများ ပြုလုပ်ပေးပြီး ဦးနှောက်အမြှေးရောင်၊ ဆုံဆို့၊ ကြက်ညှာ၊ အသည်းရောင်အသားဝါ(ဘီ)(ငါးမျိုးစပ်ကာကွယ်ဆေး)များ၊ ပြင်းထန်အဆုတ်ရောင်ရောဂါ(ပီစီဗီ)၊ ဝက်သက်၊ ဂျိုက်သိုး၊ ဂျပန်ဦးနှောက်ရောင်၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ပိုလီယိုအကြောသေရောဂါ ကာကွယ်ဆေးများထိုးနှံတိုက်ကျွေးကြောင်း သိရသည်။ ထို့ပြင် ကိုယ်ဝန်ဆောင်မိခင်များကိုလည်း လစဉ်ပုံမှန် ဆုံဆို့မေးခိုင်ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။ **ကျော်ဆန်း**

# ၂၀၂၅ ခုနှစ် ဇွန်လ (ပထမ)ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

နေပြည်တော်  ဇွန်  ၁

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၇၉ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၈၀ ဒီဂရီဖာရင်ဟိုက်မှ ၈၈ ဒီဂရီဖာရင်ဟိုက် အတွင်းနှင့်နေပြည်တော်၊ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၈၉ ဒီဂရီဖာရင်ဟိုက်မှ ၉၇ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၅၃ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၆၃ ဒီဂရီဖာရင်ဟိုက်မှ ၇၂ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၃ ဒီဂရီဖာရင်ဟိုက်မှ ၈၂ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ၇၅ ရာခိုင်နှုန်းမှ ၈၄ ရာခိုင်နှုန်းအတွင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ၈၅ ရာခိုင်နှုန်းမှ ၉၄ ရာခိုင်နှုန်းအတွင်း ရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၂၀ မီလီမီတာမှ ၃၀ မီလီမီတာအတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၃၁ မီလီမီတာမှ ၄၁ မီလီမီတာအတွင်း ရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင်(ပြည့်ဝ) အခြေအနေ ရှိနိုင်သည်။

မိုး/ဇလ

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဝန်ထမ်းများ၏ သားသမီးများအား ပညာသင်စရိတ်နှင့် ကျောင်းသုံးပစ္စည်းများ ချီးမြှင့်ပေးအပ်ပွဲအခမ်းအနားတက်ရောက်

ပုသိမ် ဇွန် ၁

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဌာနဆိုင်ရာဝန်ထမ်းများ၏ သားသမီးများအား ပညာသင်စရိတ်နှင့် ကျောင်းသုံးပစ္စည်းများ ချီးမြှင့်ပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။




အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ယနေ့ အခမ်းအနားသည် ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းများ၊ လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများ၏ သားသမီးများကို ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာသင်စရိတ်နှင့် ကျောင်းသုံးပစ္စည်းများကို ချီးမြှင့်ပေးအပ်ခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းတက်ရောက်နိုင်ရေးအတွက် တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသားအင်အား ၁၁ သိန်း ၃ သောင်းကျော် လျာထားခဲ့ရာ ယနေ့အထိ ၁၀ သိန်း ၃ သောင်းကျော် ကျောင်းအပ်နှံပြီးဖြစ်ကြောင်း၊ ယာယီနေရပ်စွန့်ခွာပြည်သူများ၏ သားသမီးများ ပညာသင်ယူမှုအခွင့်အလမ်းများ မဆုံးရှုံးစေရေးအတွက် တာဝန်ရှိသူများက ကွင်းဆင်းပြီး ကျောင်းအပ်နှံနိုင်ရေး ဆောင်ရွက်သွားရန်နှင့် စဉ်ဆက်မပြတ် အတန်းစဉ်ကူးပြောင်းစေရေးအတွက် မိဘ၊ ဆရာ၊ အုပ်ချုပ်ရေးအဖွဲ့များနှင့် မြို့မိမြို့ဖများကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်နှင့် တက္ကသိုလ်အဆင့်များတွင် တက်ရောက်ပညာသင်ယူမည့် ကျောင်းသားကျောင်းသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက ပညာသင်စရိတ်နှင့် ကျောင်းသုံးပစ္စည်းများ ချီးမြှင့်ပေးအပ်သည်။

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ယူမည့် ဌာနဆိုင်ရာဝန်ထမ်းများ၏ သားသမီးများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်ရှိ တပ်ဖွဲ့ဝင်များ၏သားသမီးများ၊ စစ်မှုထမ်းဟောင်းများ၏ သားသမီး ကျောင်းသား ကျောင်းသူ ၃၃၀၆ ဦးအတွက် ပညာသင်စရိတ်နှင့် စာရေးကိရိယာပစ္စည်းများ၊ ထီး၊ မိုးကာ၊ ကျောပိုးအိတ်၊ ကျောင်းဝတ်စုံစရိတ် စုစုပေါင်း ငွေကျပ် ၁၇၂၉ သိန်းကျော်ကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဘိုကလေးမြို့နယ်၌ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းအပ်နှံရေးစည်းရုံး

ဘိုကလေး ဇွန် ၁

ဧရာဝတီ တိုင်းဒေသကြီး ဘိုကလေးမြို့နယ်၌ မေ ၂၂ ရက်မှ စတင်၍ ဇွန် ၁ ရက်အထိ ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် သတ်မှတ်၍ အခြေခံပညာကျောင်းများအားလုံး၌ ပိတ်ရက်မရှိကျောင်းအပ်လက်ခံ ဆောင်ရွက်ခဲ့ရာ ကျောင်းနေအရွယ် ကလေးအားလုံး ရာနှုန်းပြည့် ကျောင်းအပ်နှံတက်ရောက်စေရေး အတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ လမ်းညွှန်မှုဖြင့် မြို့နယ်ဌာနဆိုင်ရာများက ယနေ့နံနက်ပိုင်းမှ စတင်ကာ ကျောင်းနေအရွယ်



ကလေးများရှိသည့် နေရာများ အရောက် ကွင်းဆင်းဆောင်ရွက်ကြသည်။

နှိုးဆော်စည်းရုံးဆောင်ရွက်ရာတွင် မြို့နယ်ဌာနဆိုင်ရာများ အနေဖြင့် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ဌာနအလိုက်ခွဲ၍ တစ်အိမ်တက်ဆင်းဝင်ထွက်၍ ကျောင်းနေအရွယ် ကလေးမိဘများနှင့် တွေ့ဆုံကာ ကျောင်းအပ်နှံစေရေး၊ ကျောင်းတက်ရောက်စေရေးတို့ အတွက် တိုက်တွန်း နှိုးဆော်စည်းရုံးခြင်းဖြစ်ပြီး ဘိုကလေးမြို့နယ်အနေဖြင့် ယနေ့အထိ ကျောင်းအပ်နှံပြီးစီးမှု ၈၅ ဒသမ ၇၅ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

❖



# တိုက်ကြီးမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေဆိုင်ရာ အသိပညာပေး ရှင်းလင်း

တိုက်ကြီး ဇွန် ၁

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေဆိုင်ရာ အသိပညာပေးထပ်ဆင့်ရှင်းလင်းပွဲကို မေ ၃၁ ရက်က ဥက္ကံမြို့ မင်းရဲကျော်စွာရပ်ကွက် စိတ္တသုခဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်သည်။

ရှင်းလင်းပွဲတွင် မြို့နယ်ပြည်သူ့စစ်မှုထမ်းခေါ်ယူရေးအဖွဲ့ဥက္ကဋ္ဌက ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများကို အသိပညာပေးရှင်းလင်းဟောပြောရာ တက်ရောက်လာသည့် ဒေသခံပြည်သူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေဆိုင်ရာ အသိပညာပေးထပ်ဆင့်ရှင်းလင်းပွဲကို ဥက္ကံမြို့ ကြို့ချောင်းကျေးရွာအုပ်စု တောင်ဘက်ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ရာ မြို့နယ်ပြည်သူ့စစ်မှုထမ်းခေါ်ယူရေးအဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဥက္ကံမြို့အုပ်ချုပ်ရေးမှူး၊ ဥက္ကံနယ်မြေရဲစခန်းစခန်းမှူး၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ဒေသခံပြည်သူများ တက်ရောက်ကြပြီး ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများကို အသိပညာပေးရှင်းလင်း ဟောပြောခြင်းနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ဟိုင်းကြီးကျွန်းမြို့၌ ကျောင်းအပ်နှံရန် ကျန်ရှိမှုမရှိစေရေး ကွင်းဆင်းဆောင်ရွက်

ဟိုင်းကြီးကျွန်း ဇွန် ၁

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့၌ ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရန်ကျန်ရှိမှုမရှိစေရေးအတွက် တာဝန်ရှိသူများက ယနေ့နံနက် ၇ နာရီတွင် အမှတ်(၃)ရပ်ကွက်အတွင်း ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ဦးစွာ ဟိုင်းကြီးကျွန်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးသန့်ဇော်လင်း ဦးဆောင်သော အုပ်ချုပ်ရေးအဖွဲ့များနှင့် ဆရာ ဆရာမများပါဝင်သော ပူးပေါင်းအဖွဲ့သည် အမှတ်(၃)ရပ်ကွက်အတွင်းရှိ ကျောင်းအပ်ရန်ကျန်ရှိနေသော ကလေးများနှင့် ကျောင်းနေအရွယ်ရောက်ပြီး ကျောင်းမတက်ရောက်သော ကလေးများအား အိမ်တိုင်ရာရောက်မိဘများနှင့် သွားရောက်တွေ့ဆုံ၍ ကျောင်းတက်ရောက်



ပညာသင်ကြားရန် ဆွေးနွေးပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဟိုင်းကြီးကျွန်း(ပြန်/ဆက်)**



# ဗီယက်နမ်ပြန် ခုံသမာဓိလူကြီး ငါးဦး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၁

မြန်မာအပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံး Myanmar International Arbitration Centre(MIAC)Incorporated မှ ခုံသမာဓိလူကြီးများ ဖြစ်ကြသော ဒေါ်အေးမြင့်ထွန်း(အဖွဲ့ခေါင်းဆောင်)၊ ဦးခင်မောင်သန်း၊ ဒေါ်ဝိုင်းသူဇာ၊ ဒေါ်စောပပညွန့်၊ ဒေါ်ဇင်ဇင်ဦးတို့သည် ဗီယက်နမ်အပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်း Vietnam International Arbiration Centre(VIAC)၏ ဖိတ်ကြားချက်အရ ဟိုချီမင်းမြို့တွင် မေ ၁၀ ရက်မှ ၁၁ ရက်အထိ ကျင်းပသည့် Hochiminh City International Construction Arbitration Conference(HICAC-2025) အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး ရရှိလာသော အတွေ့အကြုံများ ရှင်းလင်းပွဲကို ဇွန် ၁ ရက် နံနက်ပိုင်းက အမ်အိုင်အေစီ(ဗဟို)ရုံး၌ ကျင်းပရာ အမ်အိုင်အေစီ(ဗဟို)ဥက္ကဋ္ဌ ဦးအဲလ်ဘတ်ဇော်မင်းနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **တင်ဝင်းတင်**

စာအုပ်စာပေ
လူ့မိတ်ဆွေ

စာပေမြင့်မှ
လူမျိုးတင့်မည်

## ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ပေါင်းတည်မြို့ မြို့နယ်ဥပဒေရုံးအဆောက်အအုံသစ်အား တက်ရောက်ဖွင့်လှစ်



ပေါင်းတည် ဇွန် ၁

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက ပေါင်းတည်မြို့ မြို့နယ်ဥပဒေရုံးအဆောက်အအုံသစ်အား တက်ရောက်ဖွင့်လှစ်ပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သောင်းထိုက်၊ စီးပွားရေးရာဝန်ကြီး ဦးတင်ဦး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးတင်ဆွေနှင့် တိုင်းဒေသကြီး ဥပဒေချုပ် ဦးခင်မောင်တင့်တို့က အဆိုပါဥပဒေရုံးရှေ့၌ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဥပဒေရုံးဆိုင်းဘုတ်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဥပဒေရုံးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ ဥပဒေရုံးသစ်သည် ပေါင်းတည်မြို့ မင်းကွက် (၃) ရပ်ကွက် ရွှေတည် (၁) ကွက်သစ် ရန်ကုန်-ပြည်ကားလမ်းဘေးတွင် တည်ရှိပြီး (၃၆ ပေ x ၅၁ ပေ) RC တစ်ထပ်အဆောက်အအုံဖြစ်ကာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၁၃၂ ဒသမ ၁၅ သန်းဖြင့် ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



## မော်လမြိုင်ကျွန်းမြို့နယ်၌ ကျောင်းအပ်နှံရန်ကျန်ရှိသည့် ကျောင်းသား ကျောင်းသူများအားလုံး ကျောင်းအပ်နှံရေး ကွင်းဆင်းစည်းရုံးဆောင်ရွက်

မော်လမြိုင်ကျွန်း ဇွန် ၁

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းအပ်နှံရန် ကျန်ရှိနေသည့် ကျောင်းသား ကျောင်းသူများအားလုံး ကျောင်းအပ်နှံရေးအတွက် မြို့နယ်စီမံအုပ်ချုပ်အဖွဲ့ဥက္ကဋ္ဌ ဦးဆောင်၍ တာဝန်ရှိသူများက ယနေ့နံနက် ၉ နာရီတွင် အခြေခံပညာကျောင်းများ၌ ကွင်းဆင်းစည်းရုံးဆောင်ရွက်ခဲ့သည်။

အဆိုပါ ကွင်းဆင်းစည်းရုံးမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦး၏ဦးဆောင်မှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ပညာရေးဦးစီးဌာနမှ မြို့နယ်ပညာရေးမှူး ဦးမင်းမင်းထွန်း၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ကြောင်ထောက်ကျေးရွာ (အထက)၊ ကွမ်းခြံချောင်းကျေးရွာ (အထက-ခွဲ)၊ (အထက-၂)နှင့် မြို့မ (အလက)တို့၌ ကျောင်းအပ်ရန် ကျန်ရှိနေသည့် ကျောင်းသားမိဘများ၊ အုပ်ထိန်းသူများနှင့်တွေ့ဆုံ၍ ကလေးငယ်များအား အချိန်မီကျောင်းအပ်နှံကြရန် စည်းရုံးခြင်း၊ ကျောင်းသားမိဘများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ အားပေးစကားပြောကြားခြင်း၊ ကျောင်းသားမိဘများ တင်ပြလာသည့်အခက်အခဲများကို သက်ဆိုင်ရာကျောင်းအုပ်ကြီးများ၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျိုက်လတ်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံမှုများ ဆက်လက်ဆောင်ရွက်

ကျိုက်လတ် ဇွန် ၁

ဧရာဝတီ တိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် အခြေခံပညာ ကျောင်းများတွင် ကျောင်းအပ်နှံမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက မြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများတွင် ကျောင်းအပ်နှံမှု အခြေအနေများကို တာဝန်ရှိသူများ လှည့်လည်ကြည့်ရှုအားပေးသည်။



ထိုသို့ ကြည့်ရှုရာတွင် ကျိုက်လတ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများက ကျောင်းအပ်နှံမှု အခြေအနေများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များ လမ်းညွှန်မှာကြားရာ ကျောင်းနေအရွယ် ကလေးအားလုံး ရာနှုန်းပြည့် စဉ်ဆက်မပြတ် ပညာသင်ကြားနိုင်ရေးနှင့် ကျောင်းအပ်နှံရေးအတွက် မိဘနှင့်ဆရာ ပူးပေါင်းကာ ဆောင်ရွက်ကြရန်၊ ကျောင်းဝင်းအတွင်း သန့်ရှင်းသာယာလှပစေရေးနှင့် အမှိုက်ကင်းစင်ရေးအတွက် ဆောင်ရွက်ကြရန်တို့ကို ထည့်သွင်းပြောကြားသည်။

ထို့နောက် ကျောင်းအပ်နှံရေးအတွက် လာရောက်ကြသော မိဘများနှင့် ကျောင်းသား ကျောင်းသူများအား အားပေးစကားပြောကြားကာ ကျောင်းသုံးပစ္စည်းများနှင့် ကျောင်းဝတ်စုံများ အခမဲ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဝန်းသိုမြို့(အထက)၌ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

ဝန်းသို ဇွန် ၁

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (ဝန်းသို) ဘေးပတ်ဝန်းကျင်သန့်ရှင်းသာယာရေးနှင့် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး (ဖုံး၊ သွန်၊ လဲ၊ စစ်) လုပ်ငန်းများကို



ယနေ့နံနက် ၇ နာရီက ဌာနဆိုင်ရာများစုပေါင်း၍ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကောလင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးသိန်းဇော်လင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်မျိုးသူ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစည်သူကျော်တို့က ဦးဆောင်၍ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ ဆရာ ဆရာမများ စုစုပေါင်း ၂၂၀ ခန့်ဖြင့် ကျောင်းတွင်း၊ ကျောင်းရှေ့မျက်နှာစာနှင့် ဘေးပတ်ဝန်းကျင်ရှိ ချုံနွယ်၊ ပေါင်းမြက်များကို ခုတ်ထွင်ရှင်းလင်းခြင်း၊ မိုးတွင်းကာလ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် တာဝန်ရှိသူများနှင့် ကျန်းမာရေးဝန်ထမ်းများက သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ကျောင်းဝင်းအတွင်းရှိ ရေတင်ကျန်နိုင်သော ဘူး၊ ခွက်၊ ရေပုံး၊ ရေအိုးများ၊ ရေတိုင်ကီ၊ ကျောက်စည်ဝိုင်း၊ ရေအုပ်ကန်များကို ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**



## ကန့်ဘလူမြို့ အမှတ်( ၁)အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ကန့်ဘလူ ဇွန် ၁

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် သန့်ရှင်းသာယာလှပရေးနှင့် ကျောင်းဥပဓိရုပ်ကောင်းမွန်ရေးတို့အတွက် ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို မေ ၃၁ ရက် နံနက် ၇ နာရီက ပြုလုပ်သည်။

ထိုသို့စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့တို့၏ ကြီးကြပ်မှုဖြင့် ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းစုစုပေါင်းအင်အား ၃၀၀ ခန့်က အထက(၁)ကျောင်းဝင်းအတွင်း အမှိုက်နှင့် ချုံနွယ်များ ရှင်းလင်းခြင်း၊ တံမြက်စည်းလှဲခြင်း၊ သစ်ကိုင်းသစ်ခက်များ ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အားလုံးပါဝင်ဆောင်ရွက်ပေး

## သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အားလုံးပါဝင်ဆောင်ရွက်ပေး



**ကလေးများများလျှင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်နိုင်၍ ဂရုပြုသတိထားစောင့်ကြည့်ပါ။**

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးစီမံချက်နှင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့ ပူးပေါင်းထုတ်ဝေသည်။ ၂၀၂၅ ခုနှစ်၊ မေလ

၁

### သွေးလွန်တုပ်ကွေးရောဂါ

- သွေးလွန်တုပ်ကွေးရောဂါပိုး သယ်ဆောင်သော ခြင်ကျား (*Aedes* )အကိုက်ခံရခြင်းမှ တစ်ဆင့်ကူးစက်သည်။
- အသက်အရွယ်မရွေးဖြစ်နိုင်ပြီး အသက်(၁၅)နှစ်အောက်ကလေးများ အထူးသဖြင့်အသက်(၅)နှစ်မှ (၉)နှစ်အရွယ်ကလေးများတွင် အများဆုံးဖြစ်ပွားသည်။
- အသက်(၁၅)နှစ်အထက်လူကြီးများတွင် ဖြစ်ပွားပါက သေဆုံးမှုနှုန်းမြင့်မားသည်ကို တွေ့ရသည်။
- တစ်နှစ်ပတ်လုံးကူးစက်နိုင်ပြီး မိုးရာသီတွင်အများဆုံးဖြစ်ပွားသည်။ တောရောမြို့ပါဖြစ်ပွားသည်။



- ခြင်ကျားသည် နေ့အချိန်တွင် ပိုကိုက်သည်။
- ခြင်ကျားလောက်လမ်းသည် ရေကြည်ရေသန့်နှင့် မိုးရေတင်ကျန်နိုင်သည့်ဘူး၊ ခွက်၊ တာယာဟောင်းများထဲတွင် ပေါက်ပွားပါသည်။

၂

သွေးလွန်တုပ်ကွေးရောဂါလက္ခဏာများ

- လတ်တလော ဖျားနာခြင်း(၂-ရက် မှ ၇-ရက်ခန့်)
- ဗိုက်နာခြင်း၊ ပျို့အန်ခြင်း၊ ကိုယ်ခန္ဓာတွင် အနီစက်များထွက်ခြင်းတို့ ဖြစ်တတ်သည်။
- စတင်ဖျားသည့်အချိန်မှစ၍(၃)ရက်မှ(၅)ရက်အတွင်း သွေးလန့်သည့် လက္ခဏာများပေါ်၍ အသက်အန္တရာယ်ရှိနိုင်သည်။

သွေးလန့်သည့်လက္ခဏာများ

- (၃)ရက်မှ(၅)ရက်အတွင်း အဖျားကြီးရာမှ ရုတ်တရက်အဖျားကျကာ ခြေဖျား၊ လက်ဖျားများ အေးစက်ခြင်း၊ နလုံးခုန်မြန်ခြင်း
- မကြာခဏအော့အန်ခြင်း။ အညိုရောင်အရည်များအန်ခြင်း။
- အစားမဝင်ခြင်း၊ ကလေးမှိန်းလွန်းခြင်း။
- ကတ္တရာစေးရောင် ဝမ်းအမည်းများသွားခြင်း။
- သွားဖုံး အသားနုများမှ သွေးထွက်ခြင်း။



**အထက်ပါသွေးလန့်သည့်လက္ခဏာများရှိလျှင် နီးစပ်ရာ ဆေးရုံသို့ အမြန်ဆုံးသွားရောက်၍ ကုသမှုခံယူပါ။**

၃

### ခြင်ကျားလောက်လမ်းပေါက်ပွားရာနေရာများ

- အဓိကရေသိုလှောင်ပစ္စည်းများဖြစ်သည့် ရေစည်၊ ရေအိုး၊ ရေကန်များ
- ဘုရားပန်းအိုး၊ နတ်ပန်းအိုး၊ အလှပန်းအိုးများ၊ ရေတင်ကျန်နိုင်သည့် ဘူးခွံ၊ ခွက်ခွံ၊ တာယာဟောင်းများ
- သဘာဝအလျောက် မိုးရေတင်ကျန်လေ့ရှိသော သစ်ပင်အခေါင်း၊ အုန်းလက်၊ ငှက်ပျောလက်များ ခုတ်ပြီး အငုတ်ကျန်ခဲ့သော ဝါးဆစ်များ

### ကျောင်းများတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများ

- သွေးလွန်တုပ်ကွေးရောဂါအကြောင်းဟောပြောပို့ချပါ။
- ကျောင်းသား၊ ကျောင်းသူများ ဖုံး၊ သွန်၊ လဲ၊ စစ်၊ အိုးအတွင်းပိုင်းတိုက်ချွတ်သည့်လုပ်ငန်းများ ဆောင်ရွက်တတ်စေရန် လေ့ကျင့်သင်ကြားပေးပါ။
- မိုးရာသီတွင် ကျောင်းသား၊ ကျောင်းသူများ ဖျားနာပါက ကျန်းမာရေးဌာနသို့ အလျင်အမြန်ပြသပါ။



၄

**သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများ**




၅




၆

# အမေရိကန်နိုင်ငံက အဆိုပြုထားသည့် အပစ်အခတ်ရပ်စဲရေးအစီအစဉ်ကို ဟားမတ်စ်အဖွဲ့က အပြုသဘောဖြင့် တုံ့ပြန်

**ဂါဇာစီးတီး ဇွန် ၁**

ဟားမတ်စ်အဖွဲ့သည် အမေရိကန်နိုင်ငံက အဆိုပြုထားသည့် အပစ်အခတ်ရပ်စဲရေး အစီအစဉ်ကို အပြုသဘောဖြင့် တုံ့ပြန်ခဲ့ကြောင်း သိရသည်။

အမေရိကန်၏ အဆိုပြုချက်တွင် ဟားမတ်စ်က ဓားစာခံ ၁၀ ဦးကို နှစ်ကြိမ်ခွဲကာ ပြန်လွှတ်ပေးရန်နှင့် ရက် ၆၀ ကြာ အပစ်အခတ်ရပ်စဲရေးကို တောင်းဆိုမည်ဟုပါရှိသည်။ အမေရိကန်၏ အဆိုပြုချက်ကို အစ္စရေးက လက်ခံထားပြီးဖြစ်ကြောင်း အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူက ထုတ်ဖော်ပြောကြားသည်။

ဓားစာခံများ ပြန်လွှတ်ပေးရေး လုပ်ငန်းစဉ်နှင့် ပတ်သက်၍ ဟားမတ်စ်က ဓားစာခံ ၁၀ ဦးကို သုံးကြိမ်ခွဲကာ ပြန်လွှတ်ပေးမည်ဖြစ်ကြောင်း ဟားမတ်စ်၏ တုံ့ပြန်ပြောကြားချက်ကို အာရပ်မီဒီယာများက သတင်းဖော်ပြသည်။ လက်ရှိအချိန်ထိ မည်သည့် သဘောတူညီချက်မျှ မရရှိသေးပေ။

ဟားမတ်စ်အနေဖြင့် ရက် ၆၀ ကြာအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို အမြဲန်ဆုံးလက်ခံသင့်ကြောင်း အမေရိကန် အရှေ့အလယ်ပိုင်း အထူးသံတမန်စတီးဗ်ဝတ်ကော့ဖ်က လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားသည်။

ယခုရက်အနည်းငယ်အတွင်း အစ္စရေးတပ်မတော်က ဂါဇာကမ်းမြောင်ဒေသကို တိုက်ခိုက်မှုများ ဆင်နွှဲလျက်ရှိသည်။ ပြီးခဲ့သော ၂၄ နာရီအတွင်း လူ ၆၀ သေဆုံးခဲ့ကြောင်း ပါလက်စတိုင်းကျန်းမာရေး အာဏာပိုင်များက ပြောကြားသည်။

မေ ၃၁ ရက်တွင် အစ္စရေးနိုင်ငံ၏ စီးပွားရေးမြို့တော် တဲလ်အဗစ်၌ ပြည်သူထောင်ပေါင်းများစွာတို့ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ အပစ်အခတ်ရပ်စဲရေးနှင့် ဓားစာခံများ လွှတ်မြောက်ရေး သဘောတူညီချက် တစ်ရပ်ကို အမြန်ဆုံးအကောင်အထည်ဖော်ရန် အစ္စရေးနှင့်ဟားမတ်စ်တို့ကို ဆန္ဒထုတ်ဖော်သူများက တောင်းဆိုခဲ့ကြသည်။ **ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**





# အိမ်နီးချင်းပါကစ္စတန်နှင့် အီရန်နိုင်ငံတို့မှ အာဖဂန်ဒုက္ခသည်ပေါင်း ၅၀၀၀၀၀ ကျော် နေရပ်သို့ပြန်လည်ရောက်ရှိ

**ကဘူး ဇွန် ၁**

ဧပြီနှင့် မေလအတွင်း အိမ်နီးချင်းပါကစ္စတန်နှင့် အီရန်နိုင်ငံတို့မှ အာဖဂန်ဒုက္ခသည်ပေါင်း ၅၀၀၀၀၀ ကျော်သည် အာဖဂန်နစ္စတန်နိုင်ငံသို့ပြန်လည်ရောက်ရှိခဲ့ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ ပြောကြားချက်အရ သိရသည်။

ပြန်လည်ရောက်ရှိလာသူများသည် ၎င်းတို့၏ ဘဝများကို ပြန်လည်တည်ဆောက်ရန် ရုန်းကန်နေရသည့်အတွက် ပံ့ပိုးကူညီမှုများ ယခင်ကထက် ပိုလိုအပ်ကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ယနေ့ ပြောကြားသည်။

ပြီးခဲ့သောနှစ်အတွင်း အိမ်နီးချင်း ပါကစ္စတန်နှင့် အီရန်နိုင်ငံတို့မှ အာဖဂန်နိုင်ငံသား နှစ်သန်းကျော်သည် နေရပ်သို့ ပြန်လည်ရောက်ရှိခဲ့ကြကြောင်း သိရသည်။

ပါကစ္စတန်အစိုးရက အာဖဂန်ဒုက္ခသည် နှစ်သန်းကို ယခုနှစ်အတွင်း နေရပ်ပြန်လည်ပို့ရန် စီစဉ်ထားပြီး အီရန်အာဏာပိုင်များကလည်း အထောက်အထားမဲ့ နိုင်ငံခြားသားများ တရားမဝင်နေထိုင်မှုကို အဆုံးသတ်ပြီး နေရပ်ပြန်ရန် တောင်းဆိုထားကြောင်း သိရသည်။

အာဖဂန်ကြားဖြတ်အစိုးရသည် အာဖဂန်ဒုက္ခသည်များအား ဒုက္ခသည်များအဖြစ် ပြည်ပတွင်နေထိုင်ခြင်းမှအဆုံးသတ်ကာ ၎င်းတို့၏ လက်နက်ကိုင်ပဋိပက္ခဘေးဒဏ်သင့် မွေးရပ်မြေ ပြန်လည်တည်ဆောက်ရေးတွင် ပါဝင်ဆောင်ရွက်ကြရန် အကြိမ်ကြိမ် တောင်းဆိုထားကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# အသက် ၁၅ နှစ်နှင့်အထက် တရုတ်နိုင်ငံသားများ၏ ဆေးလိပ်သောက်နှုန်း ၂၃ ဒသမ ၂ ရာခိုင်နှုန်းသို့ လျော့ကျ

**ပေကျင်း ဇွန် ၁**

အသက် ၁၅ နှစ်နှင့်အထက် တရုတ်နိုင်ငံသားများ၏ ဆေးလိပ်သောက်နှုန်းသည် ယမန်နှစ်တွင် ၂၃ ဒသမ ၂ ရာခိုင်နှုန်းသို့ လျော့ကျခဲ့ကြောင်း တရုတ်ကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

မေ ၃၁ ရက်တွင် ကျရောက်သည့် ၃၈ နှစ်မြောက် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် အဆိုပါစစ်တမ်းရလဒ်များကို ပြည်သူများသိရှိစေရန် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ဆေးလိပ်သောက်သုံးသူအရေအတွက် လျော့ကျခြင်းသည် တရုတ်နိုင်ငံ၏ ကျယ်ပြန့်သော ဆေးလိပ်သောက်ခြင်း တိုက်ဖျက်ရေးလှုပ်ရှားမှုများ၏ အကျိုးသက်ရောက်မှုကို ဖော်ပြရာရောက်သည်။

အဆိုပါစစ်တမ်းသည် ဆေးလိပ်သောက်ခြင်းနှင့် ဆက်စပ်သော ကျန်းမာရေးအန္တရာယ်ဆိုင်ရာ အသိပညာတိုးပွားလာမှုကိုလည်း အလေးပေးဖော်ပြခဲ့သည်။ ဆေးလိပ်ငွေ့ကင်းစင်သော ပတ်ဝန်းကျင်လူမှုအဖွဲ့အစည်းပေါ်ထွန်းလာရေးအတွက် ပြည်သူများ၏ ထောက်ခံအားပေးမှုကြောင့် ဆေးလိပ်မီးခိုးငွေ့နှင့် ထိတွေ့မှု လျော့နည်းလာခြင်းဖြစ်သည်။

ထို့အပြင် အသက် ၁၅ နှစ်နှင့်အထက် လူတစ်ဦးချင်းစီအတွက် ဆေးလိပ်ဖြတ်မှုနှုန်းသည် ယမန်နှစ်က ၂၂ ဒသမ ၆ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပြီး ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက သုည ဒသမ ၂ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။

စစ်တမ်းကောက်ခံရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည်နယ်အဆင့် တိုင်းဒေသကြီး ၃၁ ခုမှ အချက်အလက်များကို ကောက်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# ဆီးရီးယားနိုင်ငံမှ အစိုးရဝန်ထမ်းများအား ဆော်ဒီနှင့်ကာတာပူးပေါင်း၍ ငွေကြေးထောက်ပံ့မည်

**ရီယာ့ဒ် ဇွန် ၁**

ဆော်ဒီအာရေဗျနှင့် ကာတာတို့သည် ဆီးရီးယားနိုင်ငံ၏စီးပွားရေး ပြန်လည်နာလန်ထူလာစေရန်အတွက် ဆီးရီးယားနိုင်ငံမှ အစိုးရဝန်ထမ်းများအား ငွေကြေးထောက်ပံ့မှုပေးအပ်မည် ဖြစ်ကြောင်း မေ ၃၁ ရက်က ကြေညာခဲ့သည်ဟု ဆော်ဒီသတင်းအေဂျင်စီက ပြောကြားသည်။

၎င်းထောက်ပံ့မှုအား သုံးလအတွင်း ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သော်လည်း ငွေကြေးပံ့ပိုးမှုဆိုင်ရာ အချက်အလက်များကို ပြောကြားခြင်းမရှိပေ။ ဆီးရီးယားနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ၏စီးပွားရေးနှင့် လူမှုရေးတည်ငြိမ်ရေးတို့ကို မြှင့်တင်ရန်နှင့် ဆီးရီးယားပြည်သူများ၏ လူနေမှုဘဝများ မြှင့်တင်ရေးတို့ကို အလေးထားကြောင်း ဆော်ဒီအာရေဗျနှင့်ကာတာနိုင်ငံတို့က ပြောကြားသည်။

**ထုတ်ဖော်ပြောကြား**

ဆီးရီးယားပြည်သူများအတွက် ဖွံ့ဖြိုးတိုးတက်ရေး ချဲ့ထွင်ရန်အတွက် နိုင်ငံတကာအသိုက်အဝန်းနှင့် လက်တွဲလုပ်ဆောင်ရန် ၎င်းတို့၏ဆန္ဒကို ဆော်ဒီနှင့်ကာတာနိုင်ငံတို့က ထုတ်ဖော်ပြောကြားခဲ့သည်။

ဆီးရီးယားနိုင်ငံက ကမ္ဘာ့ဘဏ်သို့ပေးရန်ရှိသည့် ကြွေးမြီကန်ဒေါ်လာ ၁၅ သန်းကိုလည်း ဆော်ဒီအာရေဗျနှင့် ကာတာနိုင်ငံတို့က ပူးပေါင်း ပေးဆပ်သွားမည်ဟု သိရသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – စိုးသူရ**

# ရုရှားနိုင်ငံတွင် ရထားလမ်းချော်တိမ်းမှောက်မှုများ ဖြစ်ပွား

**မော်စကို ဇွန် ၁**

ရုရှားနိုင်ငံ Bryansk Oblast ဒေသတွင် မေ ၃၁ ရက်က ခရီးသည် ၃၈၈ ဦးစီးလာသည့် ရထားတစ်စီး လမ်းချော်တိမ်းမှောက်မှုဖြစ်ပွားရာ ခရီးသည် ခုနစ်ဦး သေဆုံးကြောင်း Bryansk Oblast ဒေသ အုပ်ချုပ်ရေးမှူး အလက်ဇန်းဒါး ဗိုဂိုမတ်စ်က ပြောကြားသည်။

ခုတ်မောင်းနေသည့်ရထားပေါ်သို့ရထားလမ်းအပေါ်တွင်တည်ရှိသည့် လူသွားတံတားပြိုကျမှုကြောင့် ရထားလမ်းချော်တိမ်းမှောက်ခြင်းဖြစ်သည်ဟု အလက်ဇန်းဒါး ဗိုဂိုမတ်စ်က Rossiya 24 ရုပ်မြင်သံကြားချန်နယ်သို့ ပြောကြားသည်။ ကလီမော့ဗ်မှ မော်စကိုသို့ထွက်ခွာလာသည့် ခရီးသည်တင်ရထားသည် Vygonichsky ခရိုင်အရောက်တွင် လမ်းချော်တိမ်းမှောက်မှုဖြစ်ပွားခဲ့ရကြောင်း မော်စကို ရထားလုပ်ငန်းက ပြောကြားသည်။ ပဏာမစစ်ဆေးချက်အရ ဒဏ်ရာ ရရှိသူ ၃၅ ဦးဟု သိရှိခဲ့ရသော်လည်း နောက်ပိုင်းတွင် ဒဏ်ရာရရှိသူ ၆၆ ဦးအထိ ရှိလာကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ အခြားဖြစ်စဉ်တစ်ခုတွင်လည်း ရုရှားနိုင်ငံ Kursk ဒေသရှိ အဝေးပြေးလမ်းမကြီး ပေါ်ရှိ မီးရထားတံတား တွင် ပေါက်ကွဲမှုဖြစ်ပွားရာ ၎င်းတံတားပေါ်တွင်ဖြတ်သန်းနေသည့် ကုန်ရထားပျက်စီးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**



# ပခုက္ကူမြို့နယ်အတွင်း အများပြည်သူသွားလာအသုံးပြုနေသည့် လမ်းများပေါ်၌ PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းများအား ဖယ်ရှားရှင်းလင်း

**နေပြည်တော် ဇွန် ၁**

PDF အမည်ခံအကြမ်းဖက်သမားများသည် အများပြည်သူများ အထိတ်တလန့်ဖြစ်စေရန်၊ ရိုးသားစွာ နေထိုင်လုပ်ကိုင်စားသောက်နေမှုများကို နှောင့်ယှက်ရန်၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုများ အခက်အခဲများ ဖြစ်ပေါ်စေရန်နှင့် အကြောက်တရားများ ပိုမိုဖြစ်ပေါ်စေရန် ရည်ရွယ်၍ မြို့၊ ရွာ၊ ရပ်ကွက်၊ ကျေးရွာများ၊ လမ်း၊ တံတားများ၌ မိုင်းထောင် ဖောက်ခွဲခြင်းများကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ယနေ့တွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်းရှိ အများပြည်သူများ သွားလာအသုံးပြုလျက်ရှိသည့် လမ်းများပေါ်၌ လက်လုပ်မိုင်းများ တွေ့ရှိကြောင်း အကြမ်းဖက်မှုကို မလိုလားသည့် ဒေသခံပြည်သူများ၏ သတင်းပေးမှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ကားလမ်းမဘေး တစ်လျှောက်တွင် PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့် ဒေသန္တရ လက်လုပ်မိုင်း (ပီပါမိုင်း၊ ရှေ့ထွက်မိုင်း) များကို တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး အများပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှု မရှိစေရေးအတွက် စနစ်တကျ ဖယ်ရှားရှင်းလင်းခဲ့ကြောင်း သိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများ၏ ယခုကဲ့သို့ ပြည်သူများအပေါ် ထိခိုက်ပျက်စီးဒဏ်ရာရရှိစေရန် လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များအပေါ် ပြည်သူလူထုက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော လုံခြုံရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**







PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့် ဒေသန္တရ လက်လုပ်တိုက်မိုင်းများကို တွေ့ရစဉ်။







## အာဖရိကဝက်အပြင်းဖျားရောဂါကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

၁။ အာဖရိကဝက်အပြင်းဖျားရောဂါသည် ယခင်ကအာဖရိကနိုင်ငံများတွင်သာ ဖြစ်ပွားကျရောက်ခဲ့သော်လည်း ၂၀၁၈ ခုနှစ် ဩဂုတ်လမှစ၍ အာရှနိုင်ငံများဖြစ်သည့် တရုတ်၊ မွန်ဂိုလီးယား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဟောင်ကောင်၊ မြောက်ကိုရီးယားနိုင်ငံများသို့ ကူးစက်ပျံ့နှံ့ခဲ့ပြီး (၂-၆-၂၀၁၉) ရက်မှစတင်၍ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသည့် လာအိုနိုင်ငံတွင် ရောဂါကူးစက်ပျံ့နှံ့လျက်ရှိသောကြောင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို အာဖရိကထက်အပြင်းဖျားရောဂါကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် အောက်ပါအချက်များအား လိုက်နာဆောင်ရွက်နိုင်ပါရန်အသိပေး နှိုးဆော်အပ်ပါသည်-

(က) အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့လုံးဝ(လုံးဝ) ကူးစက်ခြင်းမရှိပါ၊

(ခ) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊

(ဂ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဃ) ဝက်များကို စားသောက်ဆိုင်/အိမ်များမှ စားကြွင်း/ကျန်ကျွေးခြင်းပြုလုပ်ပါက အပူပြင်းပြင်းဖြင့် ချက်ပြုတ်ပြီးမှ ကျွေးမွေးရန်

(င) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ရန်၊

(စ) အသက်အရွယ်တူဝက်များကိုသာ အတူတူ မွေးမြူရန်၊

(ဆ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(ဇ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊ (ဈ) ဝယ်ယူသည့်ဝက်များကို မိမိခြံရှိ ဝက်များနှင့်မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(ည) ပြည်ပမှတရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊

(ဋ) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊

(ဌ) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဍ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက် ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

# ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်း တောင်ကြီးမြို့နယ် ကျောက်နီမွေးမြူရေးဇုန်တွင် မွေးမြူရေးဆောင်ရွက်ထားရှိမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေး

တောင်ကြီး ဇွန် ၁

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် ကွန်လုံကျေးရွာအုပ်စုအတွင်းရှိ ကျောက်နီမွေးမြူရေးဇုန်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ယနေ့နံနက် ၉ နာရီခွဲက ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



### ရှင်းလင်းတင်ပြ

ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးသည် မွေးမြူရေးဇုန်အတွင်းရှိ ရှင်းလင်းဆောင်သို့ရောက်ရှိရာ ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာ ဝင်းဇင်မောင်နှင့် တောင်ကြီးမြို့နယ်ရုံးမှ မြို့နယ်ဦးစီးမှူး ဒေါက်တာ အောင်မင်းထွန်းတို့က မွေးမြူရေးဇုန်အတွင်း ဆောင်ရွက်ထားရှိသည့် မွေးမြူရေးရုံများ ဆောက်လုပ်ပြီးစီးမှု အခြေအနေများ၊ တိရစ္ဆာန်အစာပင် မြက်မျိုးများစိုက်ပျိုးခြင်း၊ စက်ရေတွင်း တူးဖော်ခြင်းနှင့် မွေးမြူရေးဇုန် ပတ်လည်တွင် အရိပ်ရအပင်များ စိုက်ပျိုးထားရှိမှုများနှင့် ပတ်သက်၍ Power Point ဖြင့် ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးက မွေးမြူရေးဇုန်အတွင်းရှိ မြေလပ်များပေါ်တွင် စိုက်ပျိုးသီးနှံများကို ရာသီနှင့်ကိုက်ညီမည့်သီးနှံများ စိုက်ပျိုးနိုင်ရေး၊ နွားကောင်ရေ တိုးမြှင့်မွေးမြူနိုင်ရေး စသည့် လုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များကို လမ်းညွှန်ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့သည် မွေးမြူရေးဇုန်အတွင်းရှိ Super Seven Stars Agri–tech Company Limited နို့စားနွားမွေးမြူရေးခြံရှိ နို့စားနွား ထပ်မံရောက်ရှိမှု အခြေအနေများ၊ မွေးမြူရေးခြံအတွင်း လမ်းဖောက်လုပ်မှုများနှင့် အလျား ပေ ၁၂၀၀၊ အနံ ပေ ၁၀၀ အကျယ်အဝန်းရှိ နွားမွေးမြူရေးခြံ အမှတ်(၁) အဆောက်အအုံ တည်ဆောက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ပန်းတောင်းမြို့နယ်၌ မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ပန်းတောင်း ဇွန် ၁

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ မြို့နယ်သစ်တောဦးစီးဌာနက ၂၀၂၅ ခုနှစ် မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ရေမနောက်ကျေးရွာ အရိယာဝါသ(သီလရှင်)ကျောင်းတိုက်၌ ကျင်းပသည်။

### စုပေါင်းစိုက်ပျိုး

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်းပင် ၁၅၀၊ မဟော်ဂနီပင် ၅၀၊ ခရေပင် ၅၀၊ မန်ကျည်းရှားပင် ၅၀၊ တရုတ်တည်ပင် ၃၀၊ စိန်ပန်းပင် ၃၀ နှင့် ငုပင် ၄၀ စုစုပေါင်း သစ်မျိုး ခုနစ်မျိုး၊ ပျိုးပင် ၄၀၀ တို့ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက သတ်မှတ်နေရာများတွင် စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

လပြည့်လင်း(ပြန်/ဆက်)



# စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၃၁၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ၊ ဈေးနှုန်းများ ဆက်တိုက်ကျဆင်းလျက်ရှိ

နေပြည်တော် ဇွန် ၁

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှ ဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇွန် ၂ ရက်မှ ၈ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံ လက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၆၃၁၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါ ထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့်သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့မှ မြန်မာနိုင်ငံသို့ CIF စနစ်အရ တင်သွင်းနေသည့် စားအုန်းဆီ တစ်တန်ဈေးနှုန်းမှာ ဇန်နဝါရီလမှ ဆက်တိုက်ကျဆင်းလာခဲ့ရာ ပြည်တွင်း တစ်ပိဿာ လက်ကားရည်ညွှန်းဈေးနှုန်းမှာ အဆိုပါ ငါးလကျော်ကာလအတွင်း ငွေကျပ် ၉၇၀ ကျဆင်းလာကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၆-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၅၅ | ၂၉၇၀ | ၂၉၃၅ | ၂၈၇၀ | ၂၉၇၅ | ၂၉၉၀ | ၃၀၁၀ | ၂၉၂၅ | ၄၅၀၅ | ၃၂၂၀ | ၂၉၄၅ | ၂၉၄၅ | ၃၀၁၅ | ၂၉၈၀ | ၃၀၀၀ | ၃၂၆၀ |
| 95 Ron | ၂၉၁၀ | ၃၀၂၅ | ၂၉၉၀ | ၂၉၂၅ | ၃၀၃၀ | ၃၀၄၅ | ၃၀၆၀ | ၂၉၈၀ | ၄၅၆၀ | ၃၂၇၅ | ၂၉၉၅ | ၃၀၀၀ | ၃၀၇၀ | ၃၀၃၅ | ၃၀၅၅ | ၃၃၁၀ |
| HSD (500 ppm) | ၂၄၀၅ | ၂၅၁၅ | ၂၄၈၅ | ၂၄၂၀ | ၂၅၂၅ | ၂၅၄၀ | ၂၅၅၅ | ၂၄၇၅ | - | ၂၇၇၀ | ၂၄၉၀ | ၂၄၉၅ | ၂၅၆၅ | ၂၅၃၀ | ၂၅၅၀ | ၂၈၀၅ |
| HSD (50 ppm) | ၂၉၇၀ | ၃၀၈၅ | ၃၀၅၀ | ၂၉၈၅ | ၃၀၉၀ | ၃၁၀၅ | ၃၁၂၀ | ၃၀၄၀ | ၄၈၃၀ | ၃၃၃၅ | ၃၀၆၀ | ၃၀၆၀ | ၃၁၃၀ | ၃၀၉၅ | ၃၁၁၅ | ၃၃၇၅ |
| HSD (10 ppm) | ၂၉၇၀ | ၃၀၈၅ | ၃၀၅၀ | ၂၉၈၅ | ၃၀၉၀ | ၃၁၀၅ | ၃၁၂၀ | ၃၀၄၀ | - | ၃၃၃၅ | ၃၀၆၀ | ၃၀၆၀ | ၃၁၃၀ | ၃၀၉၅ | ၃၁၁၅ | ၃၃၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၉၀ | ၂၇၇၀ |
| 95 Ron | ၂၇၄၂ | ၂၈၃၃ |
| HSD (500 ppm) | ၂၂၅၃ | ၂၃၂၇ |
| HSD (50 ppm) | ၂၈၀၁ | ၂၈၀၇ |
| HSD (10 ppm) | ၂၈၀၁ | ၂၈၀၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

# လယ်ဝေးမြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

လယ်ဝေး ဇွန် ၁

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် မေ ၃၁ ရက်က လယ်ဝေးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးကျော်သူရနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ လယ်ဝေးမြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူရနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ လယ်ဝေးမြို့နယ် ခရမ်းကိုင်းကျေးရွာအုပ်စု ကွင်းအမှတ် ၁၈၂၃၊ ၁၈၂၃(က)၊ ၁၈၂၃(ခ) တွင် ပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးထားသော နှွေနှမ်း ၁၂၅ ဒသမ ၆၇ ဧကအား ကြည့်ရှုစစ်ဆေး၍ ရေနစ်ပျက်စီး သုံးဧကကို နှမ်းဖတ်မြေဩဇာရရှိစေရေး ထယ်ရေးဆောင်ရွက်ရန်၊ မိုးစပါးသီးနှံများ အချိန်မီစိုက်ပျိုးရေးဆောင်ရွက်ရန် မှာကြားသည်။



ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် အဖွဲ့သည် လယ်ဝေးမြို့နယ် ပြောင်ခေါင်းကြီး ကျေးရွာအုပ်စုအတွင်း ရေတိုက်စားမှုကြောင့် ပန်းတင်-ပြောင်ခေါင်းကြီး ကျေးရွာချင်းဆက်လမ်းရှိ Boxculvert ထိခိုက်ပျက်စီးမှု အခြေအနေအား ကြည့်ရှုစစ်ဆေး၍ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ရန်လျာထားပြီးဖြစ်ရာ အမြန်ဆုံး ဆောင်ရွက်နိုင်ရေး ကျေးလက်လမ်းဦးစီးဌာနမှ တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။ ဆက်လက်၍ ပန်းတင်ကျေးရွာ လူထုဗဟိုပြုခန်းမ၌ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဖွင့်လှစ်ထားသော စက်ချုပ်သင်တန်းတွင် သင်တန်းသူများ သင်တန်းတက်ရောက်နေမှုအား ကြည့်ရှု၍ အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် အဖွဲ့သည် ကြောင်ရေကျေးရွာ၌ မြန်မာနိုင်ငံ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ၏ ရန်ပုံငွေဖြင့် ကျေးရွာစာကြည့်တိုက် ဆောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ နေပြည်တော်ကောင်စီဝင်နှင့်အဖွဲ့သည် သက္ကယ်ချင်းကျေးရွာ၌ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပညာကမ္ဘာစာကြည့်တိုက်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကြံခင်းမြို့၌ ယာယီနေရပ်စွန့်ခွာ ပြည်သူများ၏ ကျောင်းနေအရွယ် သား သမီးများအား ကျောင်းဝတ်စုံများနှင့် စက်ဘီးတစ်စီး ပေးအပ်ပွဲအခမ်းအနားကျင်းပ

ကြံခင်း ဇွန် ၁

ဧရာဝတီတိုင်း ဒေသကြီး ကြံခင်းမြို့နယ်အတွင်းသို့ ဒေသအသီးသီးမှ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာ ပြည်သူများ၏ ကျောင်းနေအရွယ် သား သမီးများအား ယနေ့မွန်းလွဲ ၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ဧရာဦးခန်းမ၌ ကျောင်းဝတ်စုံများနှင့် စက်ဘီးတစ်စီး ပေးအပ်ပွဲ အခမ်းအနား ကျင်းပသည်။



အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင်က အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာ ရောက်ရှိလာကြသည့် ပြည်သူများ၏ ကျောင်းနေအရွယ် သား သမီးများအား ပညာဆက်လက်သင်ယူနိုင်ရန် နိုင်ငံတော်မှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကြံခင်းမြို့နယ်အတွင်းသို့ ရောက်ရှိလာသည့် မူလတန်းအဆင့် ၂၈ ဦး၊ အလယ်တန်းအဆင့် ၁၇ ဦး၊ အထက်တန်းအဆင့် ၁၀ ဦး စုစုပေါင်း ကျောင်းသားကျောင်းသူ ၅၅ ဦး ရှိကြောင်း၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းနေအရွယ်အားလုံး ရာနှုန်းပြည့် ကျောင်းအပ်နှံရေးကို စီမံချက်များဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများက ဝိုင်းဝန်းကူညီ ပေးစေလိုကြောင်း ပြောကြားသည်။

**ထောက်ပံ့**

အဆိုပါ ယာယီနေရပ်စွန့်ခွာ ကျောင်းသား ကျောင်းသူများအား စုစုပေါင်း ငွေကျပ် ၃၅၃၀၀၀ တန်ဖိုးရှိ ကျောင်းဝတ်စုံများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးလှိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းလှိုင်နှင့် တာဝန်ရှိသူများက ပေးအပ်ကြပြီး ကျောင်းတက်ရန် အခက်အခဲရှိသော ကျောင်းသားတစ်ဦးအား ငွေကျပ် ၁၅၀၀၀၀ တန်ဖိုးရှိ စက်ဘီးတစ်စီး ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ဖြိုးဝေလင်း(ပြန်/ဆက်)



# ဗဟန်းမြို့နယ်၌ မိုးရွာသွန်းမှုကြောင့် သစ်ပင်ပြိုလဲမှု ဖြစ်ပွား

ရန်ကုန် ဇွန် ၁

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်တွင် ယမန်နေ့ညပိုင်းက ဆရာစံတောင်ရပ်ကွက် နဝဒေးအိမ်ရာတပ်ဝင်းတွင် မိုးရွာသွန်းမှုကြောင့် အရှည် ၂၅ ပေခန့် လုံးပတ် ၆ ပေခန့်ရှိ ညောင်ပင်မှာ ကုက္ကိုင်းရေကူးကန်လမ်းပေါ်သို့ လဲကျမှုဖြစ်ပွားခဲ့ပြီး လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ရှင်းလင်းဆောင်ရွက်**

ယင်းနောက် ယနေ့နံနက် ၇ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးအဖွဲ့၊ ခရိုင်/မြို့နယ် ပန်းဥယျာဉ်အဖွဲ့၊ ရေနှင့်သန့်ရှင်းမှုအဖွဲ့၊ လုံခြုံရေးတပ်ဖွဲ့များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က ပူးပေါင်းရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယခုအခါ ယာဉ်များပုံမှန်အတိုင်း ဖြတ်သန်းသွားလာလျက်ရှိပြီး သစ်ပင်လဲကျမှုကြောင့် လူထိခိုက်မှုမရှိကြောင်းနှင့် ယာဉ်တစ်စီး ထိခိုက်ပျက်စီးခဲ့ပြီး နဝဒေးအိမ်ရာတပ်ဝင်းဘက်မှ အုတ်တံတိုင်း အမြင့် ၅ ပေခန့်၊ အရှည် ၅၀ ပေခန့် ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

နေလင်း(ပြန်/ဆက်)

# မုံရွာမြို့နယ်အတွင်း လိုင်စင်မဲ့ ယာဉ်/ ဆိုင်ကယ်များ (လုံးဝ)မရှိစေရေး ဖော်ထုတ်ဖမ်းဆီး ဆောင်ရွက်လျက်ရှိ

မုံရွာ ဇွန် ၁

စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၏ အနီးကပ်လမ်းညွှန်မှုဖြင့် မုံရွာခရိုင် လိုင်စင်မဲ့ ယာဉ်/ ဆိုင်ကယ်များ စိစစ်ဖော်ထုတ်အရေးယူရေးအဖွဲ့ခေါင်းဆောင် ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး တင်အောင်ဦးဆောင်သောအဖွဲ့သည် ယနေ့မှစတင်ပြီး မုံရွာမြို့နယ် ကျောက္ကာလမ်းပေါ်ရှိ ဆိုင်ကယ်ရောင်းဝယ်ရေးဆိုင်များသို့ ရောက်ရှိပြီး လုပ်ငန်းရှင်များနှင့်တွေ့ဆုံကာ စည်ပင်လုပ်ငန်းလိုင်စင်၊ ရောင်းချခွင့်လိုင်စင်၊ အခွန်ဆောင်ထားရှိမှုစသည့် သတ်မှတ်လုပ်ငန်းလိုင်စင်များ ရှိ/မရှိ တို့ကို ကြည့်ရှုစစ်ဆေးပြီး တရားမဝင်ဆိုင်ကယ်များ လုံးဝရောင်းချခြင်းများမပြုလုပ်ကြရန်နှင့် မုံရွာမြို့နယ်အတွင်း လိုင်စင်မဲ့ ယာဉ်/ဆိုင်ကယ်များ (လုံး၀)မရှိစေရေးတို့ကို ဖော်ထုတ်ဖမ်းဆီး ဆောင်ရွက်သည်။



**ဆက်လက်ဆောင်ရွက်**

အဆိုပါ ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး တင်အောင်ဦးဆောင်သော ဆက်စပ်ဌာနဆိုင်ရာ အဖွဲ့များပါဝင်သော လိုင်စင်မဲ့ယာဉ်၊ ဆိုင်ကယ်များအား စိစစ်ဖော်ထုတ်အရေးယူသော အဖွဲ့သည် မုံရွာမြို့နယ်အတွင်း လိုင်စင်မဲ့ယာဉ်များ၊ တရားမဝင် ဆိုင်ကယ်များကို နယ်စပ်ဒေသများမှ တရားမဝင်ခိုးသွင်းခြင်း၊ ယာဉ်လိုင်စင်အတု၊ နံပါတ်ပြားအတုပြုလုပ်ခြင်း၊ မောင်းနှင်အသုံးပြုခြင်းများသည် နိုင်ငံတော်အခွန်ဘဏ္ဍာငွေ ဆုံးရှုံးစေသည့်အပြင် လုံခြုံရေးနှင့် တည်ငြိမ်ရေးကိုပါ အားနည်းချက်ဖြစ်ပေါ်စေသဖြင့် ထိထိရောက်ရောက် ဖော်ထုတ်ဖမ်းဆီးဆောင်ရွက်လျက်ရှိသည်။ မုံရွာမြို့နယ်အတွင်းရှိ လိုင်စင်မဲ့ ယာဉ်/ဆိုင်ကယ်များ (လုံး၀)မရှိစေရေးစီမံချက်ချမှတ်၍ ဖော်ထုတ်ဖမ်းဆီးဆောင်ရွက်ခြင်းနှင့် ဆိုင်ကယ် Showroom အရောင်းဆိုင်များတွင် လိုင်စင်မဲ့ ဆိုင်ကယ်များပါရှိခြင်း ရှိ/မရှိအဖွဲ့စုံဖြင့် စစ်ဆေးဆောင်ရွက်ခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ကြေညာချက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စာဖတ်နှုန်းမြင့်တက်စေရန် ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှပါဝင်ဝန်ဆောင်မှုပေးသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော လူထုအခြေပြုဗဟိုဌာန (စာကြည့်တိုက်)များသို့ စာအုပ်များ ပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင် (အခမဲ့)ပေးပို့နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြန်မာ့စာတိုက်လုပ်ငန်း**
**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

# ဗီယက်နမ်နိုင်ငံ၏ လျှပ်စစ်ကားထုတ်လုပ်ရေးလုပ်ငန်း

**ဗီယက်နမ်နိုင်ငံသည် နိုင်ငံအတွင်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲရေးကို မြှင့်တင်သည့်အနေဖြင့် လျှပ်စစ်ကားထုတ်လုပ်ရေး အားပေးဆောင်ရွက်နေသည်ကို တွေ့ရှိရသည်။**

**စိုးသူရ**

ဗီယက်နမ်ပို့ဆောင်ရေး ဝန်ကြီးဌာနသည် ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံအတွင်းရှိ ကားများ၏ ၃၀ ရာခိုင်နှုန်းနှင့် ဆိုင်ကယ်များ၏ ၂၂ ရာခိုင်နှုန်းကို လျှပ်စစ်စနစ် ပြောင်းလဲအသုံးပြုနိုင်ရန် ရည်မှန်းချက်ထားရှိဆောင်ရွက်နေသည်။ လျှပ်စစ်ကားအားသွင်းရုံဆိုင်ရာ အခြေခံအဆောက်အအုံများနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၅၀ ပြည့်နှစ်အထိ ရေရှည်ဆောင်ရွက်မည့်အစီအမံကို ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည်။ ဗီယက်နမ်နိုင်ငံသား ကားဝယ်ယူသူ ၃၀ ရာခိုင်နှုန်းကျော်သည် လျှပ်စစ်ကားဝယ်ယူရန် စိတ်အားထက်သန်ကြကြောင်း မကြာသေးမီက ဆောင်ရွက်သည့် လေ့လာမှုအရ သိရသည်။ ထိုသို့ လျှပ်စစ်ကားအသုံးပြုရန် စိတ်ဝင်စားမှုများပြားလာရခြင်းမှာ လျှပ်စစ်ကားများသည် ရာသီဥတုပြောင်းလဲမှုကိုဖြစ်စေသည့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချနိုင်ခြင်းနှင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုများပြားရာမှ ဖြစ်လာနိုင်သည့်ရောဂါများကို တားဆီးနိုင်ခြင်းကြောင့် ဖြစ်သည်ဟု ကျွမ်းကျင်သူများက ဆိုသည်။ လက်ရှိအချိန်တွင် နိုင်ငံအတွင်း လျှပ်စစ်ကားသုံးစွဲသူများ၏ ၄၈ ရာခိုင်နှုန်းမှာ နေအိမ်တွင် လျှပ်စစ်ဓာတ်အားဖြည့်သွင်းနေကာ ၃၂ ရာခိုင်နှုန်းမှာ လမ်းများပေါ်ရှိ လျှပ်စစ်ကားအားသွင်းရုံများတွင် လျှပ်စစ်ဓာတ်အား ဖြည့်သွင်းနေကြသည်။



VinFast ကုမ္ပဏီထုတ် VF3 လျှပ်စစ်ကား။

ယမန်နှစ် နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့သော "Vietnam: National Roadmap and Recommendations to the Electric Mobility Transition for the Action Plan" အစီရင်ခံစာတွင် လျှပ်စစ်ကားထုတ်လုပ်ရေးဆိုင်ရာ ထောက်ပံ့မှုကို မြှင့်တင်ရန် ဝယ်ယူသုံးစွဲသူများအား မက်လုံးပေးခြင်း၊ လျှပ်စစ်ကားအားသွင်းရုံဆိုင်ရာ အခြေခံအဆောက်အအုံများ မြှင့်တင်ခြင်း၊ လျှပ်စစ်ဓာတ်အားလိုအပ်ချက် မြင့်တက်လာမှုအတွက် လျှပ်စစ်ဓာတ်အားပေးမှုကို မြှင့်တင်ဆောင်ရွက်ခြင်းနှင့် လျှပ်စစ်ကားထုတ်လုပ်ရေး လုပ်သားများ၏ စွမ်းရည်မြှင့်တင်ခြင်းတို့ကို အဓိကထားဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

ဗီယက်နမ်သည် ၎င်း၏ သယ်ယူပို့ဆောင်ရေးကဏ္ဍကို ပြောင်းလဲရန် ရည်မှန်းချက် ချမှတ်ထားပြီး ၂၀၅၀ ပြည့်နှစ်တွင် နိုင်ငံအတွင်းရှိ ယာဉ်များအားလုံးကို လျှပ်စစ်ယာဉ်များအဖြစ်ပြောင်းလဲရေး ရည်မှန်းထားသည်။

လျှပ်စစ်ကားများဖြင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးသည် ရှုပ်ထွေးသော လုပ်ငန်းတစ်ခုဖြစ်ရာ ဗီယက်နမ်၏ လက်ရှိစတင်နေသည့် လျှပ်စစ်ယာဉ်သုံးစွဲရေးဆောင်ရွက်ချက်သည် အရေးကြီးသော ပထမခြေလှမ်းဖြစ်သည်ဟု ကမ္ဘာ့ဘဏ်၏ ဒါရိုက်တာ Mariam J. Sherman က ပြောကြားသည်။ ၎င်းလျှပ်စစ်ကားထုတ်လုပ်ရေးလုပ်ငန်းအောင်မြင်ရေးအတွက် အစိုးရဝန်ကြီးဌာနများ၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် နိုင်ငံသားများ အတူတကွပူးပေါင်းဆောင်ရွက်ကြရမည်ဟု ၎င်းက ဆိုသည်။

ဗီယက်နမ်နိုင်ငံတွင် လျှပ်စစ်ကားထုတ်လုပ်ရေး ဈေးကွက်ချဲ့ထွင်လာသည်နှင့်အမျှ ပြည်တွင်းလျှပ်စစ်ကား ထုတ်လုပ်သူများသည် တရုတ်ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်လာကြသည်။

ဗီယက်နမ် VinFast ၏ မိခင်ကုမ္ပဏီသည် Ha Tinh ပြည်နယ်တွင် လျှပ်စစ်ကားဘက်ထရီစက်ရုံများ တည်ဆောက်ရန်အတွက် တရုတ်နိုင်ငံမှ Gotion High-Tech လုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

တရုတ်မော်တော်ကားထုတ်လုပ်သူ Cherry Automobile သည် ဗီယက်နမ်တွင် ပထမဆုံး တရုတ်လျှပ်စစ်ကားစက်ရုံကို တည်ထောင်ပြီး ၂၀၂၆ ခုနှစ်အစတွင် တစ်နှစ်လျှင် ကားအစီးရေ ၂၀၀၀၀၀ ထုတ်လုပ်ရန် ရည်မှန်းထားသည်။

ထို့အပြင် VinFast သည် အင်ဒိုနီးရှားကို အဓိက ပို့ကုန်ဈေးကွက်အဖြစ်ရည်မှန်းကာ နှစ်စဉ် လျှပ်စစ်ကားအစီးရေ တစ်သန်းအထိ ထုတ်လုပ်မှုစွမ်းရည်ကို တိုးချဲ့သွားရန် ရည်မှန်းထားသည်။

ဗီယက်နမ်အစိုးရ၏ မူဝါဒများအရ ဓာတ်ငွေ့ထုတ်လွှတ်မှုကင်းစင်သော အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးကို အားပေးသည့်အနေဖြင့် လျှပ်စစ်ဘတ်စ်ကားများ ဝယ်လိုအား မြင့်မားလျက်ရှိသည်။ မြို့ပြဖွံ့ဖြိုးတိုးတက်မှု၊ ဆီဈေးနှုန်းအတက်အကျနှင့် ဘက်ထရီဆိုင်ရာ ကုန်ကျစရိတ်များ လျော့နည်းခြင်း စသည့်အချက်များသည် လျှပ်စစ်ဘတ်စ်ကားအသုံးပြုမှုကို များပြားစေသည်။

ပါရီသဘောတူညီချက်အရ ဗီယက်နမ်သည် ပြည်တွင်းအရင်းအမြစ်များကိုအသုံးပြု၍ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို ၂၀၃၀ ပြည့်နှစ်တွင် ကိုးရာခိုင်နှုန်းလျှော့ချရန် ကတိပြုထားသည်။

ဗီယက်နမ်မော်တော်ယာဉ်ထုတ်လုပ်သူများအသင်းသည် ၂၀၄၀ ပြည့်နှစ်တွင် လျှပ်စစ်ကားအစီးရေ ၃ ဒသမ ၅ သန်းထုတ်လုပ်မည့် အမျိုးသားမော်တော်ယာဉ်ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာကို အဆိုပြုခဲ့သည်။

ဟိုချီမင်းစီးတီးရှိ ပညာရေးစင်တာတစ်ခုမှ မန်နေဂျာ Katy To သည် မကြာသေးမီက နေ့စဉ်သွားလာမှုအတွက် VinFast VF3 ကို ရွေးချယ်ခဲ့သည်။ လျှပ်စစ်ကားသည် နေ့စဉ်သွားလာမှုအတွက် အဆင်ပြေကြောင်း ၎င်းကပြောသည်။ "လျှပ်စစ်ကားက ကျစ်လျစ်တယ်၊ ကားရပ်ရ လွယ်ကူတယ်၊ နေရောင်နဲ့ မိုးရွာတာကို ကာကွယ်ပေးတယ်" ဟု ၎င်းကပြောသည်။

ဗီယက်နမ်နိုင်ငံတွင် အောက်ပါအကျိုးကျေးဇူးများအရ လျှပ်စစ်ကားကို အများအပြားအသုံးပြုနေခြင်းဖြစ်သည်။

**လေထုအရည်အသွေးမြှင့်တင်ခြင်း**

လျှပ်စစ်ကားများကို ကျယ်ကျယ်ပြန့်ပြန့် လက်ခံကျင့်သုံးခြင်းသည် ဟန္နိုင်းနှင့် ဟိုချီမင်းမြို့များတွင် လေထုအရည်အသွေးကို မြှင့်တင်ရန်အတွက် ကူညီပေးသည်။

**ဆူညံသံလျှော့ချခြင်း**

လျှပ်စစ်ကားများသည် သမားရိုးကျယာဉ်များထက် လူစည်ကားသော မြို့ပြများတွင် ဆူညံသံကို လျှော့ပါးသက်သာစေသည်။ ထိုအချက်က မြို့ပြနေထိုင်သူများအတွက် အေးချမ်းသော နေထိုင်မှုပတ်ဝန်းကျင်ကို ဖန်တီးပေးသည်။

**လျှပ်စစ်ကားသုံးစွဲခြင်းကို ပံ့ပိုးပေးသည့် အစိုးရ၏ ဆောင်ရွက်ချက်များ**

ဗီယက်နမ်အစိုးရသည် သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့ခိုင်မြဲမှုကို အားကောင်းစေမည့် လျှပ်စစ်ကားများ၏ အလားအလာကို အသိအမှတ်ပြုထားပြီး လျှပ်စစ်ကားသုံးစွဲခြင်းကို မြှင့်တင်ရန် ရည်ရွယ်သည့် မူဝါဒများနှင့် မက်လုံးများ ဆက်တိုက်မိတ်ဆက်ခဲ့သည်။

**၁။ အခွန်လျှော့ချခြင်း**

အစိုးရသည် လျှပ်စစ်ယာဉ်များအတွက် မှတ်ပုံတင်ခ သုညရာခိုင်နှုန်းအထိ လျှော့ချရေးကို အကောင်အထည်ဖော်ခဲ့သည်။

**၂။ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကင်းစင်ရေး ရည်မှန်းချက်များ**

ဗီယက်နမ်သည် ၂၀၅၀ ပြည့်နှစ်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လုံးဝကင်းစင်ရန် ရည်မှန်းချက်များထားပြီး ၎င်းရည်မှန်းချက်အောင်မြင်ရန် လျှပ်စစ်ကားများ ထုတ်လုပ်မှုနှင့် သုံးစွဲခြင်းကို အကောင်အထည်ဖော်လျက်ရှိသည်။ မူဝါဒချမှတ်သူများသည် ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ရန် အခြေခံအုတ်မြစ်အဖြစ် လျှပ်စစ်ကားသုံးစွဲရေးအတွက်စီစဉ်ထားသည်။

သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် လျှပ်စစ်စွမ်းအင်ကို အသုံးပြုမှုများပြားလာသည့် ယနေ့ခေတ်တွင် ဗီယက်နမ်၏ လျှပ်စစ်ကားထုတ်လုပ်ရေးလုပ်ငန်းသည် အောင်မြင်သည့်လုပ်ငန်းဖြစ်ကြောင်း တွေ့ရှိရသည်။

**၃။ စီးပွားရေးဆိုင်ရာ အကျိုးကျေးဇူးများ**

ဗီယက်နမ်နိုင်ငံတွင် လျှပ်စစ်ကားဈေးကွက်ကြီးထွားလာမှုသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အကူအညီပေးနေကြောင်း တွေ့ရှိရသည်။

ထို့ပြင် နိုင်ငံအတွင်း လျှပ်စစ်ကားများနှင့် ဘက်ထရီများ ဖွံ့ဖြိုးလာခြင်းသည် ဗီယက်နမ်ကို အာဆီယံ လျှပ်စစ်ကားဈေးကွက်တွင် ဦးဆောင်သူအဖြစ် ရောက်သွားနိုင်ခြေရှိသည်။

ဗီယက်နမ်နိုင်ငံသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အများအပြားအသုံးပြုခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းလျက်ရှိကြောင်း ရေးသားလိုက်ရပါသည်။ ။


ဗီယက်နမ်နိုင်ငံ Haiphong ပြည်နယ်ရှိ လျှပ်စစ်ကားစက်ရုံမှ ကားထုတ်လုပ်နေမှုကို တွေ့ရစဉ်။

ကိုးကား။ ။ Nearly 30% of vehicles in Vietnam set to be electric by 2030

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သားလေ့ကျင့်နိုင်ရန် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်စေရန်အတွက် Basic English Grammar & Writing ရေးသားနည်းပုံစံများကို ဖော်ပြသွားမှာဖြစ်ပါတယ်။

## Grade 9

**Unit 5**

**Lesson 3: She said that she was busy**

**Grammar**

**Reported Speech**

**Direct Speech** (တိုက်ရိုက်ပြောစကား)ကနေ **Indirect Speech** (တစ်ဆင့်ခံပြောစကား)ပြောင်းတဲ့နေရာမှာ အချိန်၊ နေရာပေါ်မှာ မူတည်ပြီး အသုံးအနှုန်းတွေ ပြောင်းပေးရပါတယ်။ ဒါကြောင့် အောက်ပါစကားလုံးလေးတွေကို အလွတ်ကျက်မှတ်ထားပါ။

| Direct Speech (တိုက်ရိုက်ပြောစကား) | Indirect Speech (တစ်ဆင့်ခံပြောစကား) |
|---|---|
| this | that |
| these | those |
| thus | so |
| ago | before |
| now | then |
| today | that day |
| yesterday | the day before (or) the previous day |
| tomorrow | the next day (or) the following day |
| the day before | two days before yesterday |
| next | the following |
| last | the previous |
| nowadays | in those days ဆိုပြီးပြောင်းပေးရပါတယ်။ |

နောက်တစ်ခုက တစ်ဆင့်ခံပြောစကားပြောင်းတဲ့အခါမှာ ကြိယာတွဲတွေကိုလည်း ပြောင်းတတ်ဖို့ လိုအပ်ပါတယ်။

| ပြောကြိယာ | ပြောစကား | တစ်ဆင့်ခံပြောစကား |
|---|---|---|
| V1 (say) | V1 | V1 |
| V2 (said) | V1 | V2 |
| V2 (said) | V2 | V2 (or) had+ V3 |
| V2 (said) | was,were + Ving | had been + Ving |
| V2 (said) | V1 (အမြဲတမ်းမှန်) | V1 (အမြဲတမ်းမှန်) |

ပြောစကားထဲမှာ ရိုးရိုးပြောစကား (Statement) ဆိုတာ သိပြီ ဆိုရင် အောက်ပါအတိုင်း တစ်ဆင့်ခံပြောစကားပြောင်းကြည့်ပါ။

**<u>Statement ပြောင်းနည်း</u>**

- ပြောခံရသူ မပါလျှင် say/ said, ပြောခံရသူပါလျှင် tell/ told
- စကားဆက်နေရာတွင် that ကိုရေးပါ။
- ပြောစကားထဲက I, me, my, we, us, our သည် ပြောတဲ့သူနဲ့ဆိုင်ပြီး you သည် ပြောခံရသူနှင့်သက်ဆိုင်သည်။
- ပြောကြိယာကို အထက်ပါအတိုင်းပြောင်းရေးပါ။

**e.g. Ko Ko says, "I am hungry now."** ဒီဝါကျမှာ Subject Verb နေရာအစဉ်တကျရှိတဲ့အတွက် ရိုးရိုးပြောစကား (Statement) ဖြစ်ပါတယ်။ **ပထမအဆင့်**အနေနဲ့ ပေးထားတဲ့ဝါကျမှာ Object(ပြောခံရသူ) ပါ၊ မပါကြည့်ပါ။ ဒီဝါကျမှာမပါဘူး။ ဒါဆို say ဆိုပြီး ရေးပါ။

ပြီးရင် **ဒုတိယအဆင့်**အနေနဲ့ စကားဆက်ကို that ကိုသုံးပါ။ စကားစုထဲက **I, me, my** ပြောတဲ့သူနဲ့ ဆိုင်တယ်ဆိုတော့ ပြောစကားထဲက I က Ko Ko နဲ့ဆိုင်တဲ့အတွက် ယောကျ်ားလေးဆိုတော့ he, him, his, his ထဲက Subject ဖြစ်တဲ့ he ကို အစားသွင်းရပါမယ်။

**တတိယအဆင့်**အနေနဲ့ Verb က am ပေးထားတယ်။ ပြောကြိယာ say ပေးထားတယ်။ ဒီတော့ ပြောကြိယာက V1 ပြောစကားက V1 ဆိုတော့ တစ်ဆင့်ခံပြောစကားမှာ V1 ကိုသုံးရမှာပေါ့။ Subject က he ဖြစ်နေတော့ is ကိုသုံးရမှာပေါ့။ နောက်ပြီး now ကို then ပြောင်းပေးလိုက်ရင် အဖြေမှန်ရပြီပေါ့။

e.g. Ko Ko <u>says</u>,"I <u>am</u> hungry now."
Ko Ko <u>says</u> that he <u>is</u> hungry then.

e.g. U Ba <u>says</u>, " I <u>am</u> strong and healthy."
U Ba <u>says</u> that he <u>is</u> strong and healthy.

e.g. Aung Bu <u>**said**</u>, "I <u>am</u> hardworking."
Aung Bu <u>said</u> that he <u>was</u> hardworking.

e.g. Ko Ko <u>said</u> to Su Su,"I <u>bought</u> oranges for you this morning."
Ko Ko told Su Su that he <u>bought</u> oranges for her that morning. (or) Ko Ko told Su Su that he <u>had bought</u> oranges for her that morning.

e.g. Daw Mya <u>said</u> to son," <u>I was washing</u> the clothes."
Daw Mya told her son that she <u>**had been washing**</u> the clothes.

e.g. U Wai <u>said</u> to Ko Soe, "Fire <u>is</u> hot."
U Wai told Ko Soe that fire <u>is</u> hot.

(ဒီဝါကျက အမြဲတမ်းမှန်ကန်လို့ V1 ပဲထားပေးရမယ်။ ဒီအတိုင်းမထားဘဲ V2 ပြောင်းလိုက်ရင် အဓိပ္ပာယ်လွဲကုန်လိမ့်မယ်။ မီးပူတယ် မဟုတ်ဘဲ မီးပူခဲ့တယ်ဖြစ်သွားလိမ့်မယ်။)

မှတ်သားရန်။ ။

| V1 | V2 |
|---|---|
| can | could |
| will | would |
| shall | would |
| should | should |
| may | might |
| must | must V1 (or) had to V1 |
| would | would |

e.g. Ko Ko said to Su Su, "I <u>shall come</u> to you tomorrow."
Ko Ko told Su Su that he <u>would come</u> to her the next day.

**(A) Rewrite the following into Reported Speech.**

1. "I like ice cream," said Min Soe.
2. "We are going to the park," said Swe Swe.
3. "My favorite color is blue," said Toe Toe.
4. "She has a new bike," said Khin Sein.
5. "I am reading a book," said Lwin Lwin.
6. "We will play soccer tomorrow," said Nyi Nyi.
7. "I can swim very fast," said Ko Min.
8. "They are watching a movie," said Myo Myo.
9. "He is my best friend," said Alice.
10. "I want to be a teacher," said Kyaw Soe.
11. "We have a pet cat," said U Tin Than.
12. "It is raining outside," said mum.
13. "I baked a cake," said Thandar.
14. "We visited the zoo," said Nyi Zaw.
15. "I love playing the piano," said Sophia.
16. "He found a treasure," said Khaing Htoo.
17. "We are studying for the test," said Zaw Min.
18. "I can ride a horse," said Aung Gyi.
19. "I don't want to see you," said Lily.
20. "They went to the beach," said U Ba.
21. Khin Khin said to Mee Lay, "I want to talk to you."
22. The boy said to the girl, "I'm waiting for you."
23. The workers said to the boss, "We've finished the work."
24. The teacher said to the girl, "I have taught the lesson to you."
25. The man said, "I have lost my bag."
26. Mike said, "I will bring my piano."
27. Susie said, "I had read this book before I gave it to you, Johnson."
28. Uncle said, "I watched this movie last week."
29. He said, "I will be sitting on a train to Mandalay at five o'clock tomorrow, Yon Yon."
30. They said, "We have just arrived here."

******************

## Grade 10

**Participial Phrase**

**<u>Present participle (Ving)</u>**

PRESENT PARTICIPLE ကို "–ING" ဖြင့်အစပြုရေးပြီး **"… နေသော၊ နေလျက်၊ နေလို့၊ နေတဲ့အတွက်ကြောင့်"** ဟု သင့်တော်ရာ ဘာသာပြန်ဆိုရသည်။

ဥပမာ (၁) **The boys <u>sitting by the road</u>** were gossiping.
ဥပမာ (၂) I did the assignment, **<u>sitting in the library</u>**.
ဥပမာ (၃) **The man <u>standing by the tree</u>** is suspicious.

<u>Past participles (V3)</u>

Past participles ကို "V3" ဖြင့်အစပြုရေးရပြီး Passive သဘောဆောင်သည်။ **"…ခံရလို့၊ ခံလိုက်ရတဲ့အတွက်ကြောင့်"** ဟု သင့်တော်ရာ ဘာသာပြန်ဆိုရသည်။

နောက်ထပ်မှတ်သားရမှာက Subject သို့မဟုတ် Object နဲ့ပတ်သက်ပြီး အချက်အလက်ထပ်ဖြည့်ရာတွင်လည်း Past participles ကို သုံးရသည်။ ဥပမာ (၂) ကို ကြည့်ပါ။

ဥပမာ (၁) The boy <u>**was given**</u> an apple and he <u>**stopped**</u> crying. (မူလဝါကျ)
<u>**Given an apple**</u>, the boy stopped crying. (Participial phrase ဖြင့်ရေးသည့်ဝါကျ)

ဥပမာ (၂) The boy was taken to the hospital. He has recovered. (မူလဝါကျ)
The boy <u>**taken to the hospital**</u> has recovered. (Participial phrase ဖြင့်ရေးသည့်ဝါကျ)

**<u>Perfect Participle (Having + V3)</u>**

- ပြီးခဲ့သည့် လုပ်ရပ်နှစ်ခုအနက် ပထမလုပ်ရပ်ကို Perfect participle (HAVING+ V3) ဖြင့်ရေးရသည်။ **"ပြီးနောက်"** ဟုဘာသာပြန်ရသည်။

ဥပမာ(၁) <u>**Having finished cleaning his room**</u>, Zaw Zaw went to sleep. (ဝါကျရှေ့ထားရေးပုံ)
Zaw Zaw went to sleep, <u>**having finished cleaning his room**</u>. (ဝါကျအနောက်ထားရေးပုံ)

ဥပမာ (၂) She bought a bike and cycled home. (မူလဝါကျ)
<u>**Having bought a bike**</u>, she cycled home. (Participial phrase ဖြင့်ရေးသည့်ဝါကျ)

**Participial phrase နှင့် Gerund phrase**

Participial phrase နှင့် Gerund phrase တို့ကို ကောင်းစွာခွဲခြားသိမြင်နားလည်ရန် အရေးကြီးသည်။

(1) **Running down the street**, Ma Ma tripped and fell. (လမ်းမပေါ်ကနေ ပြေးဆင်းလာလို့ မမ ခလုတ်တိုက်မိပြီးလဲကျသွားခဲ့တယ်။)
(2) Nyi Lay loves **seeing** good movies. (ညီလေး ရုပ်ရှင်ကားကောင်းတွေ ကြည့်ရတာ (ကြည့်ခြင်း) ကိုကြိုက်တယ်။)

အထက်ပါဝါကျနှစ်ကြောင်းတွင် ဝါကျနံပါတ် (၁) သည် **Participial phrase** ဖြစ်ပြီး ဝါကျနံပါတ် (၂) သည် **Gerund phrase** ဖြစ်သည်။ "ခြင်း" ဟု ဘာသာပြန်ဆိုရသည်။ Gerund သည် နာမ်အလုပ်ကို လုပ်ဆောင်သည်။ **Subject** သို့မဟုတ် **Object** နေရာတွင်ရှိသည်။

**လေ့ကျင့်ခန်းများ ဖြေဆိုပါ။**

**(၁) ဝါကျအတွင်းရှိ Participial phrase ကိုမျဉ်းသားပြီး ၎င်းအထူးပြုသည့် နာမ် (သို့မဟုတ်) နာမ်စားတို့ကို စက်ဝိုင်းဝိုင်းပြပါ။**

ဥပမာ။ We saw **the rock** <u>falling down the hill</u>.

1. Taking off his hat, Ko Ko entered the room.
2. Being a translator, Kyaw Kyaw is fluent in both English and Myanmar.
3. Having been there, Moe Moe knew the truth.
4. The dog barking behind the fence was big and scary.
5. I found my sister sleeping on the sofa.
6. The person chosen to represent us will leave tomorrow morning.
7. Screaming with joy, Min Min bounced up and down.
8. Bouncing up and down, the ball made a series of sounds.
9. Bouncing up and down, Min Min had the ball.
10. Lying on the grass, we looked at the stars sparkled above us.
11. Smiling to herself, mother put the cake in the oven.
12. Running out the door, I forgot to turn off the light.
13. Holding all the things, father couldn't see a thing.
14. Thrown through the window, the rock fell on the roof.
15. Eating all that candy, Ma Ma became extremely fat.

**(၂) ဝါကျအတွင်းရှိ မျဉ်းသားထားသောစကားလုံးသည် Participial phrase ဖြစ်လျှင် P ဟုရေးပြီး Gerund ဆိုလျှင် G ဟုရေးသားပါ။**

ဥပမာ။ My brother enjoys <u>**writing**</u> to his pen friend in Philippines. Ans: ___G___

1. Zaw Lay is in his room, <u>writing</u> in his journal. Ans: ______
2. <u>Planning</u> ahead, Zin Zin carried an umbrella to school. Ans: ______
3. My brother likes <u>racing</u> remote–controlled cars. Ans: ______
4. <u>Smoking</u> is harmful to our health. Ans: ______
5. <u>Talking</u> to her friend she forgot everything around her. Ans: ______
6. <u>Reading</u> a paper, the man was sitting on the chair. Ans: ______
7. <u>Tidying up</u> her room, she found some old photos. Ans: ______

***********************

စာမျက်နှာ ၂၁ သို့ ☆

☆ စာမျက်နှာ ၂၀ မှ

## Grade 11

ယခင်တစ်ပတ်က must and have to အကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီတစ်ပတ်မှာ Gerund and Infinitive with "to" အကြောင်းကို ဖော်ပြသွားမှာဖြစ်ပါတယ်။

## Answers

### Must and have to

(A) 1. must; 2. mustn't; 3. had to; 4. didn't have to; 5. don't have to;

(B) 1. must; 2. mustn't; 3. mustn't; 4. have to; 5. mustn't; 6. must; 7. have to; 8. must; 9. must; 10. must; 11. have to; 12. have to; 13. don't have to; 14. must; 15. must;

*******************

### Unit 3: Gerund and Infinitive with 'to'

#### Gerund

Gerund ဆိုတာ Verb (ကြိယာ) ကို 'ing' ပေါင်းထားခြင်းဖြစ်ပါတယ်။ မြန်မာလို 'ခြင်း' လို့ဘာသာပြန်ဆိုရတယ်။




- **Greund ကို Subject (ပြုလုပ်သူ) အဖြစ်အသုံးပြုနိုင်သည်။**

ဥပမာ။ **Smoking** is not good for health. (ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးအတွက်မကောင်းပေ။)

- **Gerund ကို Object (ခံရသူ) အဖြစ်အသုံးပြုနိုင်သည်။**

ဥပမာ။ I have finished **cooking**; dinner is ready. (ထမင်း၊ ဟင်းချက်ခြင်းကိုစွပြီးသွားပါပြီ။ ညစာအဆင်သင့်ဖြစ်ပြီ။)

- **Gerund ကို complement (ဖြည့်စွက်ချက်) အဖြစ် အသုံးပြုနိုင်သည်။**

ဥပမာ။ My favourite hobby is **cooking**. (ကျွန်တော်ကြိုက်နှစ်သက်သော ဝါသနာသည် ချက်ပြုတ်ခြင်းဖြစ်သည်။)

**(မှတ်ရန်။ Complement (ဖြည့်စွက်ချက်)နှင့် Object (ခံရသူ) မတူညီတာကို သတိပြုပါ။)**

- **Gerund ကို the object of a preposition (ဝိဘတ်) အဖြစ် အသုံးပြုနိုင်သည်။**

ဥပမာ။ She is afraid of **going** out alone at night. (သူညဘက်တစ်ယောက်တည်း အပြင်ထွက်ရတာကြောက်တယ်။)

#### Verb+ ing ပေါင်းနည်း

- Verb အများစုကို –ing ပေါင်းထည့်ပါ။
- Verb သည် 'e' ဆုံးလျှင် 'e' ဖြုတ်ပြီး 'ing' ပေါင်းပါ။ (ride– riding)
- Verb သည် 'ie' ဆုံးလျှင် 'y' ပြောင်းပြီး 'ing' ပေါင်းပါ။ (e.g. lie– lying)
- Verb သည် **consonant+ vowel + consonant (ဗျည်း+ သရ+ဗျည်း)** ပုံစံအသုံးသတ်ပြီး နောက်ဆုံးအသံထွက်ကို ဖိဆိုရလျှင် နောက်ဆုံးဗျည်းကို နှစ်ဆပြုပြီးမှ 'ing' ပေါင်းပါ။ (begin– beginning (နောက်ဆုံးအသံဖိဆိုရ) / enter– entering (နောက်ဆုံးအသံဖိမဆိုရ)
- **Gerund လိုက်သည့် ကြိယာများကို လေ့လာမှတ်သားပါ။**
  1. admit = ဝန်ခံသည်။
  2. advise = အကြံပြုသည်။
  3. avoid = ရှောင်ရှားသည်။
  4. (be) used to = ကျင့်သားရနေပြီ။
  5. can't help = မလုပ်ဘဲမနေနိုင်။
  6. can't stand = မလုပ်ဘဲမနေနိုင်။
  7. consider = ထင်မြင်ယူဆသည်။
  8. deny = ပယ်ချသည်။
  9. discuss = ဆွေးနွေးသည်။
  10. dislike = မကြိုက်ပါ။
  11. end up = အဆုံးသတ်သည်။
  12. enjoy = ကြိုက်နှစ်သက်၊ ပျော်ရွှင်သည်။
  13. feel like = လုပ်ဆောင်ချင်သည်။
  14. finish = ပြီးဆုံးသည်။
  15. forget = မေ့လျော့သည်။
  16. get used to = ကျင့်သားရစပြုလာသည်။
  17. give up = စွန့်လွှတ်သည်။
  18. go on = ဆက်လက်လုပ်ဆောင်သည်။
  19. have difficulty = ခက်ခဲမှုရှိသည်။
  20. have problems = ပြဿနာပေါ်သည်။
  21. have trouble = ဒုက္ခရောက်သည်။
  22. imagine = စိတ်ကူးသည်။
  23. it's no use = အသုံးမဝင်၊ အရာမထင်။
  24. it's worthwhile = ထိုက်တန်သည်။
  25. keep = သိမ်းဆည်းသည်။
  26. look forward to = စောင့်မျှော်လျက်ရှိသည်။
  27. mention = ဖော်ပြသည်။
  28. mind = စိုးရိမ်ပူပန်သည်။
  29. miss = လွတ်သွားသည်။ လွမ်းသည်။
  30. recommend = ထောက်ခံသည်။
  31. remember = သတိရသည်။
  32. quit = နုတ်ထွက်သည်။
  33. spend time = အချိန်ကုန်စေသည်။
  34. stop = ရပ်တန့်သည်။
  35. suggest = အကြံပြုသည်။
  36. understand = နားလည်သဘောပေါက်သည်။
  37. waste time = အချိန်ဖြုန်းသည်။

****************

## Grade 12

ဒီတစ်ပတ်မှာ Relative Clauses အကြောင်းကို ဆက်လက်ဖော်ပြသွားမှာဖြစ်ပါတယ်။

## Relative Clauses

**(A) Join the sentences, using an appropriate relative pronoun or relative adverb.**

1. The woman lives next door. She is a doctor.
2. Mrs. Brown lives next door. She is a doctor.
3. I bought the car last week. It is already making strange noises.
4. My car is already making strange noises. I bought it last week.
5. This is the boy. He won the first prize.
6. The car belongs to my neighbor. It was stolen last night.
7. The teacher is very kind. She teaches us English.
8. This is the book. I was telling you about it.
9. He is the scientist. His discoveries changed the world.
10. The house is very old. It is located near the river.
11. The girl is my cousin. She sang beautifully at the concert.
12. I know a place. You can buy fresh fruits there.
13. The dog is barking loudly. It belongs to our neighbor.
14. That is the doctor. He treated my grandmother.
15. The bag is expensive. It was gifted to her by her friend.
16. He is the scientist. His discoveries changed the world.
17. The woman is my aunt. Her son studies in the same class as mine.
18. These are the flowers. I planted them in my garden.
19. The story is very interesting. She narrated it during the class.
20. This is the road. It leads to the mountain village.
21. The man is very generous. He donated a large sum of money to charity.
22. The movie was amazing. We watched it last week.
23. Ko Aung is my brother. He is playing in the garden.
24. That is the shop. They sell handmade crafts.
25. Chit San Maung is a talented musician. His performance impressed everyone.
26. This is the girl. She helped me with my homework.
27. My brother is a doctor. He works at the city hospital.
28. I know the man. He lives next door.
29. This car is very expensive. It was imported from Germany.
30. This is the shop. They sell organic vegetables here.
31. Thank you for your letter. I was very happy to get it.
32. The new stadium will be opened next month. It holds 90,000 people.
33. My sister is visiting us next week. You once met her.
34. The storm caused a lot of damage. Nobody had been expecting it.
35. Social network sites will definitely change business. They are very popular.
36. The boy is paying no attention at all. The teacher is looking at him.
37. They didn't thank us for the help we gave them at work. This was very rude of them.
38. The course gave us a lot of information on time management. I thought it would be useless.
39. What is the name of the woman? You borrowed her umbrella.
40. The last match was very good. The match was played between the two national top teams.

*******************

## Answers

### Relative Clauses

(A)

1. The woman who lives next door is a doctor. 2. Mrs. Brown, who lives next door, is a doctor. 3. The car that I bought last week is already making strange noises. 4. My car, which I bought last week, is already making strange noises. 5. This is the boy who won the first prize. 6. The car that belongs to my neighbor was stolen last night. 7. The teacher who teaches us English is very kind. 8. This is the book that I was telling you about. 9. He is the scientist whose discoveries changed the world. 10. The house that is located near the river is very old. 11. The girl who sang beautifully at the concert is my cousin. 12. I know a place where you can buy fresh fruits. 13. The dog that belongs to our neighbor is barking loudly. 14. That is the doctor who treated my grandmother. 15. The bag that was gifted to her by her friend is expensive. 16. He is the scientist whose discoveries changed the world. 17. The woman whose son studies in the same class as mine is my aunt. 18. These are the flowers that I planted in my garden. 19. The story that she narrated during the class is very interesting. 20. This is the road that leads to the mountain village. 21. The man who donated a large sum of money to charity is very generous. 22. The movie that we watched last week was amazing. 23. Ko Aung, who is playing in the garden, is my brother. 24. That is the shop where they sell handmade crafts. 25. Chit San Maung, whose performance impressed everyone, is a talented musician. 26. This is the girl who helped me with my homework. 27. My brother, who works at the city hospital, is a doctor. 28. I know the man who lives next door. 29. This car, which was imported from Germany, is very expensive. 30. This is the shop where they sell organic vegetables. 31. Thank you for your letter, which I was very happy to get. 32. The new stadium, which holds 90,000 people, will be opened next month. 33. My sister, whom you once met, is visiting us next week. 34. Nobody had been expecting the storm, which caused a lot of damage. 35. Social network sites, which are very popular, will definitely change business. 36. The boy who/whom the teacher is looking at is paying no attention at all. 37. They didn't thank us for the help we gave them at work, which was very rude of them. 38. The course which I thought it would be useless gave us a lot of information on time management. 39. What is the name of the woman whose umbrella you borrowed? 40. The last match which was played between the two national top teams was very good.

****************

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (The Perfect English Supplement Editorial Group) ၀၉–၄၃၁၅၇၀၇၁ ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# ပထမဆုံးအကြိမ် ချန်ပီယံလိဂ်ဖလားဆွတ်ခူးနိုင်ခဲ့မှုနဲ့အတူ မှတ်တမ်းသစ်တွေရေးထိုးနိုင်ခဲ့တဲ့ ပီအက်စ်ဂျီ





**ပီအက်စ်ဂျီ အသင်းဟာ အင်တာမီလန်အသင်းကို အနိုင်ရရှိပြီးနောက် အသင်းရဲ့ သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် ချန်ပီယံလိဂ်ဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။**



ပီအက်စ်ဂျီအသင်းအနေနဲ့ ဇွန် ၁ ရက် နံနက်ပိုင်းက ဂျာမနီနိုင်ငံ မြူးနစ်မြို့မှာ အင်တာမီလန်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ် နောက်ဆုံး ဗိုလ်လုပွဲစဉ်မှာ အင်တာမီလန်အသင်းကို ငါးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ပီအက်စ်ဂျီအသင်းနဲ့အတူ ချန်ပီယံလိဂ်ဖလား ရယူနိုင်ခဲ့တဲ့ လူးဝစ်အင်းနရစ်ကတော့ မတူညီတဲ့ အသင်းနှစ်သင်းနဲ့ ချန်ပီယံလိဂ်ဖလား နှစ်ကြိမ် ရယူနိုင်ခဲ့တဲ့ ခြောက်ဦးမြောက် နည်းပြအဖြစ်လည်း မှတ်တမ်းဝင်ခဲ့တာ ဖြစ်ပါတယ်။

ပီအက်စ်ဂျီနည်းပြ လူးဝစ်အင်းနရစ်ဟာ ဘာစီလိုနာအသင်း နည်းပြအဖြစ် တာဝန်ယူ ကိုင်တွယ်ခဲ့စဉ် ၂၀၁၅ ခုနှစ်ကလည်း ချန်ပီယံလိဂ် ဖလားကို ရယူ ဆွတ်ခူးနိုင်ခဲ့တာ ဖြစ်ပါတယ်။

အခုပွဲစဉ်မှာ ပီအက်စ်ဂျီအသင်းနဲ့အတူ သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့တဲ့ အသက် ၁၉ နှစ်အရွယ် ဒဇိုင်းယားဒူးကတော့ ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲမှာ ဂိုးသွင်းယူနိုင်ခဲ့တဲ့ တတိယမြောက် ဆယ်ကျော်သက် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး ပီအက်စ်ဂျီအသင်းရဲ့ လူစားဝင်ကစားသမား ဆန်နီမာယူလူကတော့ ချန်ပီယံလိဂ်ဗိုလ်လုပွဲမှာ အသက် ၁၉ နှစ်အရွယ်နဲ့ ဂိုးသွင်းယူနိုင်ခဲ့တဲ့ စတုတ္ထမြောက် ဆယ်ကျော်သက်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့တာ ဖြစ်ပါတယ်။

အရင်က ချန်ပီယံလိဂ်နောက်ဆုံး ဗိုလ်လုပွဲမှာ ဂိုးသွင်းယူနိုင်ခဲ့တဲ့ ဆယ်ကျော်သက်အရွယ် ကစားသမား နှစ်ဦးကတော့ ၁၉၉၅ ခုနှစ်က အေဂျက်အသင်းအတွက် ဂိုးသွင်းပေးခဲ့တဲ့ ပက်ထရစ်ကလူးဗက်နဲ့ ၂၀၀၄ ခုနှစ်က ပေါ်တိုအသင်းအတွက် ဂိုးသွင်းပေးခဲ့တဲ့ ကားလို့စ်အယ်ဘတ်တိုတို့ပဲ ဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းဟာ ချန်ပီယံလိဂ်ပြိုင်ပွဲတစ်လျှောက် ရှုံးထွက်အဆင့်ပွဲစဉ်တွေဖြစ်တဲ့ ၁၆ သင်းအဆင့်မှာ လီဗာပူးအသင်း၊ ကွာတားဖိုင်နယ်အဆင့်မှာ အက်စ်တွန်ဗီလာအသင်း၊ ဆီးမီးဖိုင်နယ်အဆင့်မှာ အာဆင်နယ်အသင်းတို့ကို ကျော်ဖြတ်ကာ နောက်ဆုံးဗိုလ်လုပွဲမှာ အင်တာမီလန်အသင်းကို အနိုင်ရပြီး ချန်ပီယံလိဂ် ချန်ပီယံ ဖြစ်လာခဲ့တာကြောင့် ပြိုင်ပွဲရဲ့ အကောင်းဆုံးအသင်းအဖြစ်သတ်မှတ်ခံခဲ့ရတာ ဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းဟာ အခုပွဲစဉ်မှာ ပထမပွဲထွက်ကစားသမား ၁၁ ဦးရဲ့ တန်ကြေးက ပေါင် ၄၀၃ သန်းရှိပြီး အင်တာမီလန်အသင်းရဲ့ ပွဲထွက်ကစားသမား ၁၁ ဦးရဲ့ တန်ကြေးက ပေါင် ၁၃၇ သန်းသာရှိခဲ့တဲ့အပြင် အင်တာမီလန်အသင်းရဲ့ ချန်ပီယံလိဂ်နောက်ဆုံး ဗိုလ်လုပွဲ ပွဲထွက်ကစားသမားတွေဟာ ပျမ်းမျှအသက် ၃၀ နဲ့ ၂၄၂ ရက် ရှိတာကြောင့် ပီအက်စ်ဂျီအသင်း ပွဲထွက်ကစားသမားတွေထက် ပျမ်းမျှအသက် ငါးနှစ်နဲ့ ၁၄၆ ရက်အထိ ကြီးနေတာဖြစ်ပါတယ်။

ဒါကြောင့် ပီအက်စ်ဂျီအသင်းရဲ့ စွမ်းဆောင်ရည်ပြည့်ဝသော လူငယ်ကစားသမားစုဖွဲ့မှုကို အင်တာမီလန်အသင်းအနေနဲ့ လေ့လာသုံးသပ်ရမှာ ဖြစ်ပါတယ်။ အင်တာမီလန်အသင်းအနေနဲ့ သက်ကြီးကစားသမားတွေအပေါ် မှီခိုမှုကို လျှော့ချပြီး အရည်အချင်းရှိတဲ့ လူငယ်ကစားသမားတွေကို ခေါ်ယူဖို့လိုအပ်နေပြီဆိုတာ ပြသနေတာပဲ ဖြစ်ပါတယ်။

အင်တာမီလန်အသင်းကတော့ အခု ဘောလုံးရာသီမှာ တစ်ရာသီအတွင်း ဆုဖလားသုံးလုံးရယူနိုင်မယ့် အခွင့်အရေးနဲ့ နီးစပ်ခဲ့ပေမယ့် အီတလီစီးရီးအေမှာ နာပိုလီအသင်းက ချန်ပီယံဖြစ်ခဲ့ပြီး အခု ချန်ပီယံလိဂ်မှာလည်း ပီအက်စ်ဂျီအသင်းကို ရှုံးနိမ့်ခဲ့လို့ ဖလားတစ်လုံး ထပ်မံဆုံးရှုံးခဲ့တာ ဖြစ်ပါတယ်။

ဒါ့အပြင် အင်တာမီလန်အသင်းဟာ ဘောလုံးရာသီ သုံးရာသီအတွင်းမှာ ချန်ပီယံလိဂ်နောက်ဆုံး ဗိုလ်လုပွဲကို နှစ်ကြိမ်တက်လှမ်းခဲ့ပေမယ့် နှစ်ကြိမ်စလုံးရှုံးနိမ့်ခဲ့ရတာကြောင့် အင်တာမီလန်ရဲ့ခေတ် ကုန်ဆုံးပြီလားလို့တောင် သုံးသပ်သူတွေရဲ့ ဝေဖန်မှုကိုပါ ခံနေရတာဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းကတော့ ပထမဆုံး ချန်ပီယံလိဂ်ဖလားကို ရယူဆွတ်ခူးနိုင်ခဲ့တဲ့အပြင် မှတ်တမ်းသစ်တွေကိုလည်း ရေးထိုးနိုင်ခဲ့တာ ဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**

## မန်ယူအသင်းက ဘရူနိုဖာနန်ဒက်နေရာတွင် ဂွန်ကလာဗက်ဖြင့် အစားထိုးရန်စီစဉ်နေ

ဆော်ဒီကလပ်အသင်းတစ်သင်းဖြစ်တဲ့ အယ်လ်ဟီလာအသင်းက မန်ယူကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်ကို ပြောင်းရွှေ့ကြေးပေါင်သန်း ၁၀၀ နဲ့ ခေါ်ယူဖို့စီစဉ်နေတာကြောင့် မန်ယူအသင်းကလည်း ဘရူနိုဖာနန်ဒက်ရဲ့နေရာမှာ စပို့တင်းတိုက်စစ်ကွင်းလယ်ကစားသမား ဂွန်ကလာဗက်နဲ့ အစားထိုးဖို့ စီစဉ်လျက်ရှိပါတယ်။

မန်ယူအသင်းဟာ အယ်လ်ဟီလာအသင်းက ဘရူနိုဖာနန်ဒက်ကို ခေါ်ယူဖို့ မကမ်းလှမ်းခင်ကတည်းက ဂွန်ကလာဗက်ကို ခေါ်ယူဖို့ စိတ်ဝင်စားနေခဲ့တာလည်း ဖြစ်ပါတယ်။

ဘရူနိုဖာနန်ဒက်အနေနဲ့ ပေါင်သန်း ၁၈၀ တန်ကြေးရှိ သုံးနှစ်စာချုပ်ကို လက်ခံခဲ့ပါက မန်ယူအသင်းကလည်း ဂွန်ကလာဗက်ကို စပို့တင်းလစ္စဘွန်းအသင်းက သတ်မှတ်တဲ့ ပေါင်သန်း ၇၀ ပေးပြီး ခေါ်ယူဖို့စီစဉ်နေတာဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်ဟာ အခုဘောလုံးရာသီမှာ မန်ယူအသင်းနဲ့အတူ သွင်းဂိုး ၁၉ ဂိုးနဲ့ ဂိုးဖန်တီးမှု အကြိမ် ၂၀ အထိ ရယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဂွန်ကလာဗက်ကတော့ ၃၂ ပွဲမှာ ၂၃ ဂိုးသွင်းယူပေးခဲ့ပြီး စပို့တင်းအသင်းကို ၁၉ နှစ်တာကာလအတွင်း ပေါ်တူဂီလိဂ်ဖလားကို ပထမဆုံးအကြိမ်ရယူပေးနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။



# တတိယမြောက် စက်မှုတော်လှန်ရေးဆီသို့...


မော်တော်ကားခေတ်သစ်ကို စတင်စေခဲ့သည့် ဟင်နရီဖို့ဒ်၏ မိုဒယ်လ်-တီ မော်တော်ကား။

❑ နီဇော်သစ်

ပြီးခဲ့သည့်အပတ်က ပြောခဲ့သော ရုပ်ကြွင်းလောင်စာတို့၏ ခေတ်သို့ ရောက်ရှိလာရခြင်း၏ အဓိကအကျဆုံး အကြောင်းရင်းမှာ ICE ဟု အတိုကောက်ခေါ်သည့် Internal Combustion Engine နည်းပညာအဆင့်ဆင့် ဖွံ့ဖြိုးတိုးတက်လာခြင်းဖြစ်သည်။ ယင်းမှာ လက်ရှိနေရာအနှံ့တွင် တွေ့မြင်နေရသည့် ဓာတ်ဆီ၊ ဒီဇယ်အင်ဂျင်များပင်ဖြစ်သည်။ သူ့အတိုင်းဆိုလျှင် အတွင်းလောင်ကျွမ်းအားသုံး အင်ဂျင်ဟုဆိုနိုင်သည်။ လောင်စာကို လောင်ကျွမ်းစေရာမှ ထိန်းချုပ်ထားသည့် ပေါက်ကွဲအားနှင့် လေအားကို သုံးပြီး မော်တာကို လည်ပတ်စေသည့် နည်းဟု အလွယ်မှတ်နိုင်၏။ ရေနွေးငွေ့အင်ဂျင်ကြီးများနှင့်မတူ။ အပူစွမ်းအင်ဖြင့် ရေနွေးငွေ့တွန်းအားကိုဖြစ်စေပြီး စက်စွမ်းအင်သို့ ပြောင်းရခြင်းမျိုးမဟုတ်၍ နေရာကျုံ့သွားသည်။

ထို့ကြောင့် လောင်ကျွမ်းအားသုံး အင်ဂျင်များ သို့မဟုတ် ပေါက်ကွဲအားသုံး အင်ဂျင်များသည် မော်တော်ကား၊ ဘတ်စ်ကား၊ ရထား၊ သင်္ဘော၊ လေယာဉ်စသည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းသုံး ယာဉ်များအပြင် မြက်ရိတ်စက်များ၊ လက်ကိုင်လွှစက်များ၊ လယ်ထွန်စက်များမှသည် ဆောက်လုပ်ရေးသုံးကိရိယာများ၊ မီးစက်များအထိ နယ်ပယ်ကျယ်ပြန့်စွာ ပါဝင်ပတ်သက်လာခဲ့သည်။ စိုက်ပျိုးရေးမှ စစ်သုံးအထိ၊ ထောက်ပံ့ပို့ဆောင်ရေးမှ ဗိမ်ခံပစ္စည်းများအထိ ကဏ္ဍတိုင်းလိုလိုသည် အဆင့်တစ်ခုမဟုတ်တစ်ခုတွင် အဆိုပါ ထိန်းချုပ်ပေါက်ကွဲအားသုံးအင်ဂျင်များကိုသုံးလာရာ နောက်ဆုံးအာကာသသို့သွားသည့် ဒုံးပျံများသည်လည်း ထိုနည်းပညာကိုပင် သုံးထားခြင်းဖြစ်သည်။

ထိုသို့ နေရာစုံတွင် သုံးနိုင်သော်လည်း အကျယ်ပြန့်ဆုံး ရိုက်ခတ်ခဲ့သည့် နယ်ပယ်မှာ မော်တော်ကားလောကဖြစ်သည်။ ဟင်နရီဖို့ဒ်က ၁၉၀၈ ခုနှစ်တွင် မိုဒယ်လ်-တီကို စတင်တီထွင်ပြီး ၁၉၁၃ ခုနှစ်တွင် အလုံးအရင်း ထုတ်လုပ်လာခြင်းက ဓာတ်ဆီအင်ဂျင်များ လူသုံးများလာသည်ဟု ဆိုနိုင်သည်။ ယခင်က ပေါ်ထွက်ခဲ့သည့် ကားများနှင့်ယှဉ်လျှင် ဈေးသက်သာပြီး စီးလို့လည်းပိုကောင်းသည့် မော်တော်ကားများကို လူအများက ဝယ်ယူအားပေးခဲ့ခြင်းသည် ကားလောကတစ်ခုတည်းကို သာမက လောင်ကျွမ်းအင်ဂျင်နှင့် ပတ်သက်ရာပတ်သက်ကြောင်း ကဏ္ဍများဖြစ်သည့် ရေနံချက်လုပ်ငန်း၊ လမ်းတံတားလုပ်ငန်း၊ မိုတယ်များ၊ ဓာတ်ဆီဆိုင်များ စသည့် လုပ်ငန်းများ တစ်ရှိန်ထိုးတိုးတက်လာသလို ဆင်ခြေဖုံး အိမ်ခြံမြေဈေးကွက်ကြီးကိုလည်း စတင်ပေါ်ပေါက်လာစေသည်။ အမေရိကန်စီးပွားရေးသမိုင်းပညာရှင် ပေါလ်ဒေးဗစ်က “အထွေထွေသုံးနည်းပညာအစစ်တစ်ခုက တိုင်းပြည်တစ်ပြည်ရဲ့ စီးပွားရေးချိတ်ဆက်မှုတွေအကုန်လုံးကို ပြောင်းပစ်လိုက်နိုင်တယ်။ ပေါက်ကွဲအားသုံး အင်ဂျင်တွေလုပ်ခဲ့တာ အဲဒီအတိုင်းပဲ” ဟု သုံးသပ်ခဲ့ဖူးသည်။

ပေါက်ကွဲအားသုံး အင်ဂျင်များ၏ ပါဝါပြန်လည်ဖြန့်ဝေမှုကိုကြည့်လျှင် လူမှုစီးပွားနယ်ပယ်၌ ကြီးကြီးမားမား အကျိုးသက်ရောက်ခဲ့သည်ကို တွေ့နိုင်သည်။ ရေနွေးငွေ့အင်ဂျင်များပေါ်လာစဉ်က မြို့ပြအသိုင်းအဝိုင်း ကြီးထွားလာစေခဲ့ပြီး လျှပ်စစ်နည်းပညာပေါ်လာချိန်တွင် အစိုးရ၏ ကျေးလက်မီးရရှိရေးစီမံကိန်းများကြောင့် လယ်ယာလုပ်ငန်းတိုးတက်ကာ ကျေးလက်များ ပြန်လည်စည်ကားခဲ့ကြောင်း ရှေ့တွင်ပြောခဲ့သည်။ ယခု ဓာတ်ဆီ/ဒီဇယ် အင်ဂျင်များပေါ်လာချိန်တွင်မူ ထွန်စက်၊ ခြွေလှေ့စက်၊ ရိတ်သိမ်းစက်များက စိုက်ပျိုးမြေများပေါ်မှ လူ့လုပ်အားကို အပြီးတိုင်ဖယ်ရှားလိုက်ရာ သန်းနှင့်ချီသောလုပ်သားတို့ စက်ရုံအလုပ်များလုပ်ရန် မြို့ပြများသို့ ပြောင်းရွှေ့လာကြရသည်။

တစ်ဖက်တွင် မြို့ပြနေထိုင်မှုပုံစံလည်း အသွင်ဆန်းလာသည်။ လူလတ်တန်းစားတို့ မော်တော်ကားစီးလာနိုင်ချိန်တွင် အလုပ်အသွားအပြန် အဆင်ပြေလာသောကြောင့် ဆင်ခြေဖုံးအရပ်များ၌ ခြံဝင်းများဖြင့် နေလာကြသည်။ အိမ်ခြံမြေလုပ်ငန်း အရှိန်ကောင်းလာသည်။ လုပ်သားဈေးကွက်တွင် ကျား၊ မခွဲခြားမှု ကျဆင်းသွားသည်။ အမျိုးသမီးများလည်း သွားလာရေးအဆင်ပြေလာ၍ပင်။ ထို့ကြောင့် လုပ်သားဈေးကွက် ပိုမိုကျယ်ပြန့်သွား၏။ ကားဖြင့် ခရီးသွားခြင်းကဲ့သို့ လူငယ်ယဉ်ကျေးမှုထွန်းကားလာသည်။ လူထုရွှေ့လျားနိုင်စွမ်း မြင့်တက်သွားခြင်းကြောင့် ကိုယ်ဝယ်လိုသည့်ပစ္စည်းကို အဆင်ပြေသည့်နေရာတွင် သွားဝယ်နိုင်ရာ စားသုံးသူလွတ်လပ်ခွင့် မြင့်တက်သွားသည်။ နည်းပညာ-စီးပွားရေး ပါရာဒိုင်းအရွေ့သဘောတရားကို သုတေသနလုပ်ခဲ့သည့် နည်းပညာ လူမှုစီးပွားပညာရှင် ကာလိုတာပီရက်ဇ်က “တကယ့်နည်းပညာကြီးတွေအားလုံးဟာ ကျွန်မတို့ ဘာလုပ်လဲဆိုတာကိုသာ ပုံဖော်ပေးတာမဟုတ်ပါဘူး။ ကျွန်မတို့ ဘယ်လိုနေထိုင်လဲ၊ ဘဝကနေ ကျွန်မတို့ ဘာတွေမျှော်လင့်ထားလဲ ဆိုတာတွေကိုပါ ပုံဖော်ပေးပါတယ်။ ကားအင်ဂျင်တွေက အဲဒါတွေအကုန်လုံးထက်တောင် ပိုပြီးလုပ်ခဲ့တာပါ”ဟု မှတ်ချက်ပြုထားသည်။ ပေးဆပ်ခဲ့ရသည်တို့ကတော့ သိကြသည့်အတိုင်းပင် လေထုညစ်ညမ်းမှုနှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုတို့ဖြစ်သည်။

အလားတူ နိုင်ငံရေးနှင့် ပထဝီနိုင်ငံရေး ပါဝါပြန်လည်ဖြန့်ဝေမှုတွင်လည်း အကျိုးသက်ရောက်မှုကြီးမားသည်။ ပေါက်ကွဲအားသုံးအင်ဂျင်များသည် အတောမသတ်နိုင်သော ရေနံလိုအပ်ချက်ကို တောင်းဆိုနေရာ ရေနံကြွယ်ဝသောဒေသများသို့ ပါဝါများရွေ့လာသည်။ ဆော်ဒီအာရေဗျ၊ အီရန်၊ ဗင်နီဇွဲလားနှင့် နောက်ပိုင်း ရုရှားတို့သည် ခေတ်သစ်ကမ္ဘာကိုပါဝါပေးမည့်လောင်စာတို့ကို ထိန်းချုပ်ထားနိုင်ရာ ပထဝီနိုင်ငံရေးအားသာချက်များစွာ ရလာသည်။ ကိုလိုနီအင်ပါယာကြီးများသည် ရေနံကို အဓိကထား ရှာဖွေလာကြသည်။ အမေရိကန်ပြည်ထောင်စုသည် ပြည်တွင်းရေနံအရန်အင်အား၊ ကားထုတ်လုပ်မှုကိုဦးဆောင်နေခြင်းနှင့် ရေနံဒေါ်လာဖြစ်စေခဲ့ခြင်းတို့ကြောင့် တစ်ကမ္ဘာလုံးကို ခြုံလွှမ်းနိုင်သော ကမ္ဘာ့ပါဝါဖြစ်လာသည်။ တစ်ချိန်က ကမ္ဘာ့ရေးရာများတွင် ဘေးရောက်နေခဲ့သော အရှေ့အလယ်ပိုင်းဒေသသည် ထိုအချိန်မှစ၍ အပြည်ပြည်ဆိုင်ရာ နိုင်ငံရေး၊ သံတမန်ရေးနှင့် စစ်ရေးတို့တွင် အခရာကျလာသည်။

ပေါက်ကွဲအားသုံး အင်ဂျင်များ ထွန်းကားလာချိန်ကိုကြည့်လျှင် ရှေ့မှ အထွေထွေသုံး နည်းပညာတစ်ရပ်ဖြစ်သည့် လျှပ်စစ်နည်းပညာ ရင့်ကျက်တည်ငြိမ်လာသည့် အချိန်ဖြစ်သည်။ တစ်နည်းပြောရလျှင် လျှပ်စစ်နည်းပညာက တွန်းတင်ပေးခဲ့သည့် ဒုတိယမြောက်စက်မှုတော်လှန်ရေး နှောင်းပိုင်းကာလဟု ဆိုနိုင်သည်။ အဆိုပါ ၁၉၂၀ ပြည့်လွန်နှစ်များမှ ၁၉၅၀ ပြည့်လွန်နှစ်များအတွင်း ပေါက်ကွဲအားသုံးအင်ဂျင်များ၏ သက်ရောက်မှုဖြင့် မော်တော်ကားတော်လှန်ပြောင်းလဲမှု၊ လေကြောင်းတော်လှန်ပြောင်းလဲမှုတို့သာ ဖြစ်ခဲ့သည်မဟုတ်။ ရင့်ကျက်နေပြီဖြစ်သော လျှပ်စစ်နည်းပညာ၏ အမွေခံများဖြစ်သည့် တယ်လီဖုန်း၊ ဝိုင်ယာလက်၊ ရေဒီယိုတို့လို ဆက်သွယ်ရေးနည်းပညာများ၊ အိမ်သုံး၊ ရုံးသုံး လျှပ်စစ်ပစ္စည်းများထွန်းကားလာသည့် ခေတ်လည်းဖြစ်သည်။ ဆေးဝါးတို့ တိုးတက်ပြောင်းလဲလာသည့်ခေတ်၊ ပလတ်စတစ် ထွန်းကားလာသည့်ခေတ်လည်းဖြစ်သည်။ စည်သွတ်ဘူး၊ အေးခဲအစားအစာ၊ အသင့်စားအစားအစာတို့ ပေါ်ထွက်လာသည့်ခေတ်လည်းဖြစ်သည်။ ထိုနည်းပညာများကလည်း တတိယမြောက်စက်မှုတော်လှန်ရေးဖြစ်လာစေရန် ပါဝင်ပံ့ပိုးပေးခဲ့သည်။

ပထမကမ္ဘာစစ် အလှည့်အပြောင်းတွင် ထွန်းကားတိုးတက်လာသော ပေါက်ကွဲအားသုံး အင်ဂျင်နည်းပညာသည် ဒုတိယကမ္ဘာစစ်အပြီးတွင် နိုင်ငံအသီးသီးအတွက် သက်ဆိုင်ရာသင်္ကေတများဖြစ်လာသည်ဟု ဆိုနိုင်သည်။ ဥပမာ အမေရိကန်ပြည်ထောင်စုအတွက် မော်တော်ကားတို့သည် လွတ်လပ်မှု၏ သင်္ကေတဖြစ်သည်။ စစ်ရှုံးနိုင်ငံများဖြစ်ကြသည့် ဂျာမနီနှင့် ဂျပန်တို့အတွက် မော်တော်ကားတို့သည် ပြန်လည်ထူထောင်ရေး သင်္ကေတဖြစ်သည်။ ယခုအချိန်ထိ ကမ္ဘာ့ဈေးကွက်တွင် ဂျပန်နိုင်ငံထုတ် မော်တော်ကားများ ကြီးစိုးနေဆဲဖြစ်သည်ကို မြင်နိုင်သည်။ တစ်နည်းအားဖြင့် လူသားတို့သည် ဆန်းသစ်တီထွင်ခြင်း သဘောတရားကို ရှာဖွေတွေ့ရှိသွားသည့် ကာလလည်းဖြစ်သည်။ ဆန်းသစ်တီထွင်ခြင်းဆိုသည်မှာ တီထွင်ခြင်းနှင့်မတူ။ မရှိသေးသော နည်းပညာများကို ရှာဖွေဖော်ထုတ်ခြင်းမျိုးမဟုတ်ဘဲ ရှိပြီးသားနည်းပညာများကို ပေါင်းစည်း၍ ပုံစံသစ်တစ်ခုအဖြစ် ထိထိရောက်ရောက် အသုံးချကာ ကမ္ဘာ့ပြဿနာများကို ဖြေရှင်းသည့်ပုံစံဖြစ်သည်။ ထို့ကြောင့် ပေါက်ကွဲအားသုံး အင်ဂျင်နည်းပညာ ထွန်းကားလာသည့် ကာလအတွင်း နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးတို့တွင် ပါဝါပြန်လည်ဖြန့်ဝေရုံသာမက တီထွင်မှုဆိုင်ရာ သဘောတရားပိုင်းတွင်လည်း ပါဝါပြန်လည်ဖြန့်ဝေမှုကို စတင်မြင်တွေ့လာရသည်ဟု ဆိုနိုင်ပါသည်။ ။

# ဆေးခြောက် ရှူ/စားသုံးခြင်းသည် နှလုံးကိုထိခိုက်နိုင်

ဆေးခြောက်ကို ကာလရှည်ရှူခြင်းနှင့် စားသုံးခြင်းတို့သည် သွေးကြောများ၏ လုပ်ဆောင်ချက်များကို သိသိသာသာ ထိခိုက်စေနိုင်ကြောင်း၊ ဆေးပြင်းလိပ်သောက်သူများတွင် တွေ့ရလေ့ရှိသည့်အတိုင်း ဖြစ်ကြောင်း သိပ္ပံပညာရှင်များက သတိပေးလိုက်သည်။

ကယ်လီဖိုးနီးယားတက္ကသိုလ် ဆန်ဖရန်စစ္စကိုမှ ဆေးသိပ္ပံသုတေသီများက သူတို့၏ နောက်ဆုံးတွေ့ရှိမှုကို မေလ ၂၈ ရက်နေ့ထုတ် ဂျေအေအမ်အေ ကာဒီယိုလိုဂျီဂျာနယ်တွင် ထည့်သွင်းဖော်ပြခဲ့ခြင်းဖြစ်သည်။ ဆေးခြောက်သောက်သုံး၊ စားသုံးသူများသည် မသုံးသူများနှင့်ယှဉ်လျှင် နှလုံးကို ၅၀ ရာခိုင်နှုန်း ပိုမိုထိခိုက်စေသည်ဟု ထိုစာတမ်းတွင် ဖော်ပြထားသည်။ သွေးကြောများ လုပ်ဆောင်ရည်ကို ထိခိုက်စေခြင်းကြောင့် နှလုံးရောဂါဖြစ်ခြင်း၊ သွေးတိုးခြင်း၊ သွေးပေါင်ချိန်မြင့်တက်ခြင်းတို့ ဖြစ်စေနိုင်သည်ဟုဆိုသည်။

ဆေးသိပ္ပံပညာရှင်များက ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၄ ခုနှစ် ဩဂုတ်လအထိ အရွယ်ရောက်ပြီး ကျန်းမာသူ ၅၅ ဦးကို သုတေသနလုပ်ခဲ့ခြင်းဖြစ်သည်။ ထိုသူများအားလုံးသည် ယခုစမ်းသပ်သည့်ကာလအပါအဝင် အနည်းဆုံး ၁၀ နှစ်အတွင်း ဆေးခြောက်ကို တစ်ပတ်လျှင် အနည်းဆုံး သုံးကြိမ် သောက်သုံးကြသူများဖြစ်ပြီး ဆေးလိပ်မသောက်ကြသူများဖြစ်သည်။

အခြားသော ထိခိုက်မှုအဖြစ် ဆေးခြောက်ရှူသူများ၏ သွေးရည်ကြည်ထဲတွင် အန္တရာယ်ဖြစ်စေမည့် အပြောင်းအလဲများကို တွေ့ရသည်ဟု ဆိုသည်။ စားသုံးသူများတွင်မူ ထိုသို့ အပြောင်းအလဲမျိုး မတွေ့ရဟု ဆိုရာ ရှူခြင်းက စားသုံးခြင်းထက် အန္တရာယ်ပိုများသည်ဟု ဆိုနိုင်သည်။

Ref: SciTechDaily



❖ အိုလံပစ်နေ့မှ

လက်ဝှေ့အားကစားကို ခုံမင်သူဝါသနာရှင်များက ကြည့်ရှုအားပေးကြပြီး ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည့် အားကစားသမားများအား ဆုတံဆိပ်နှင့် ငွေသားဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ချီးမြှင့်သွားမည်**

မျိုးဆက်သစ်ကစားသမားများ ပေါ်ထွန်းရေး၊ ရိုးရာလက်ဝှေ့၏အနှစ်သာရ ပေါ်ထွန်းရေး၊ အပျော်တမ်းဖြစ်စေ၊ ဝါသနာအရဖြစ်စေ ရိုးရာလက်ဝှေ့ကြိုးဝိုင်းအတွင်းသို့ ဝင်ရောက်မကစားဖူးသူများ ပွဲအတွေ့အကြုံရရှိစေရေး၊ Gym များအနေဖြင့် ရိုးရာလက်ဝှေ့ကို ပိုမိုအားစိုက်လာခြင်းဖြင့် ရိုးရာလက်ဝှေ့ကစားသမားများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ အဖွဲ့ချုပ်ဖလား Gym ပေါင်းစုံ ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်း၊ ပထမဦးစားပေးအနေဖြင့် တစ်ပွဲမျှပါဝင်မကစားဖူးသူများကို ရွေးချယ်ပြီး ဒုတိယအနေဖြင့် တစ်ပွဲကစားဖူးသူ၊ နှစ်ပွဲကစားဖူးသူများကို ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ပါဝင်ယှဉ်ပြိုင်ကြသည့် Gym များအနေဖြင့် နိုင်ပွဲ ၃ မှတ်၊ သရေပွဲ ၁ မှတ်ရရှိမည်ဖြစ်ပြီး ဒီဇင်ဘာလ



နီကိုလပ်စ်(Power) နှင့် ကေရာဇ်(နေပြည်တော်)တို့ ယှဉ်ပြိုင်စဉ်။

နောက်ဆုံးပွဲတွင် လစဉ်ရခဲ့သော ရမှတ်အလိုက် အမှတ်အများဆုံးရရှိသော Gym ကို အဖွဲ့ချုပ်ဖလား ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

လင်းရာမ

**"ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ရန်ကုန်သစ်)၊ မြေကွက်အမှတ်(၅၀၈/ခ)ဟုခေါ်တွင်သော အရပ်အခေါ် အမှတ်(၂၅)၊ ဘုရင့်နောင်(၁၀)လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်ဟုခေါ်တွင်သော (၂၀'x၆၀')အကျယ်ရှိ နှစ်(၆၀)ဂရန်မြေကွက်မှ ဦးအေးဝင်း၊ ဒေါ်တင်တင်စန်းတို့ အမည်ပေါက် မြေကွက်ဖြစ်ပြီး အဆိုပါ မြေကွက်ကြီးထဲမှ (၁၀'x၆၀')အကျယ်(ခေါင်းရင်းခြမ်း)ဂရန် (မိတ္တူခြမ်း) မြေကွက်အပါအဝင် အကျိုးခံစားခွင့်တို့အား အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သိင်္ဂီအောင်[၁၀/သထန(နိုင်)၁၁၉၈၂၃]မှ မိမိသာပိုင်ဆိုင်ပြီး အပေါင်အနှံ၊ အရှုပ်အရှင်းကင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ကမ်းလှမ်းပြောဆိုချက်အရ ကျွန်ုပ်မိတ်ဆွေမှ အပိုင်ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီးဖြစ်ရာ အဆိုပါမြေနှင့်အိမ် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်ကြည်မွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၀၅၂)**
**အမှတ်(၆၀)၊ စရည်းပင်လမ်း၊ (က)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊**
**ဖုန်း–09-43114141,09-400101414**

**သက်ဆိုင်သူများသိရှိနိုင်ရန်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်–(၂၀)၊ ထင်းရှူးမြိုင်လမ်း၊ မြေကွက်အမှတ်(၆၀၆–က)၊ အလျား(၂၀ ½ )ပေxအနံ(၆၀)ပေ၊ ဧရိယာ(၀.၀၂၈)ဧက (စတုရန်းပေ–၁၂၃၀)မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို နှစ်(၆၀)ဂရန်အမည်ပေါက်ဖြစ်သူ ဦးဘသန့်(TGK–၀၂၁၁၁၆)(ဘ)ဦးမောင်တုတ် ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သည့်ဦးအောင်သူ[၁၂/ဥကတ(နိုင်)၁၁၇၄၄၈](ဘ)ဦးအောင်ဆန်းမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ ယနေ့ထိတိုင် နေထိုင်ခဲ့ပါသည်။ အဆိုပါနေအိမ်ခြံမြေနှင့် ပတ်သက်၍မှတ်ပုံတင်စာချုပ် ပြုလုပ်ချုပ်ဆိုပေးပါရန် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ဆက်သွယ်ဆောင်ရွက်ပေးပါရန်နှင့် (၇)ရက်ပြည့်မြောက်သည့်ရက်အထိတိုင် ဆက်သွယ်ဆောင်ရွက်ပေးခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ကုမုဒြာ LL.B, D.B.L, D.I.L, I.D.C.S, EDFM**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၈၉၉)**
**ဖုန်း–၀၉–၄၂၀၀၉၉၆၅၆**

## FIFA-MFF ယူ-၁၅ လိဂ်တွင် ရှိုင်ရယ်ရန်ကုန်နှင့် STNM အသင်းတို့ နိုင်ပွဲဆက်မှုရပ်တန့်

**ရန်ကုန် ဇွန် ၁**

FIFA–MFF ယူ–၁၅ လူငယ်လိဂ်ပြိုင်ပွဲ ရန်ကုန်ဇုန် ပွဲစဉ်(၉)၊ တောင်ကြီးဇုန်နှင့် မန္တလေးဇုန် ပွဲစဉ်(၆) ဒုတိယနေ့ကို ဇွန် ၁ ရက်က ဆက်လက်ကျင်းပသည်။

သုဝဏ္ဏလေ့ကျင့်ရေးကွင်း၌ ကျင်းပသည့် ရန်ကုန်ဇုန် ပွဲစဉ်(၉) ဒုတိယနေ့တွင် The Honour အသင်းက မင်္ဂလာဒုံစီးတီးအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့်အနိုင်ရရှိပြီး အာသာဝတီအသင်းနှင့် ရှိုင်ရယ်ရန်ကုန်အသင်း တစ်ဂိုးစီသရေကျခဲ့သည်။ မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး) လေ့ကျင့်ရေးကွင်း၌ ကျင်းပသည့် ပွဲစဉ်(၆) ဒုတိယနေ့တွင် အနီးစခန်းအသင်းက STNM အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရပြီး တောင်ကြီးမြို့ပြည်နယ်အားကစားကွင်း၌ ကျင်းပသည့် တောင်ကြီးဇုန် ပွဲစဉ်(၆) ဒုတိယနေ့တွင် အင်းလေးလူငယ်အသင်းနှင့် Middle Shan State အသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ ရန်ကုန်ဇုန်တွင် ရှစ်ပွဲဆက်အနိုင်ရထားသည့် ရှိုင်ရယ်ရန်ကုန်အသင်း၊ မန္တလေးဇုန်တွင် ငါးပွဲဆက်အနိုင်ရထားသည့် STNM အသင်းတို့မှာ သရေကျခဲ့ပြီး နိုင်ပွဲဆက်မှု ရပ်တန့်ခဲ့ရသည်။

